၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.842, November 27, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@gmail.com , koko@gol.com

## အဖွဲ့ချုပ် မှတ်ပုံတင်ရေး ရွေးကောက်ပွဲဝင်ရေး စီအီးစီအစည်းအဝေး ဒေါ်အောင်ဆန်းစုကြည်မိန့်ခွန်း အပြည့်အစုံ ( ၁၈ နိုဝင်ဘာ ၂၀၁၁)

"ဒီနေ့ဆိုလို့ရှိရင် ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို ချရမှာဖြစ်ပါတယ်။ ဒီလို ဆုံးဖြတ်ချက်မျိုးဟာ အရင်နှစ်ခေါက်ချခဲ့ပြီးပါပြီ။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲဝင်ရေး မဝင်ရေးတုန်းက တစ်ခါ ၂၀၁၀ ရွေး ကောက်ပွဲဝင်ရေး မဝင်ရေးတုန်းက တစ်ခါချခဲ့ပြီးပါပြီ။ အဲဒီနှစ်ကြိမ်စလုံးကတည်းက ကျမမပါခဲ့ပါဘူး။ ဒါဟာ သုံးကြိမ်မှာ ကျမပထမဦးဆုံးအကြိမ်ပါဝင်တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အရင် ၁၉၉၀ ရွေးကောက်ပွဲနဲ့ ပတ်သတ်လို့ပဲ ဖြစ်ဖြစ်၊ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သတ်လို့ပဲဖြစ်ဖြစ် အများရဲ့ဆုံးဖြတ်ချက်ကို ကျမလက်ခံခဲ့ပါတယ်။ ကျမသဘောတူတာ မတူတာက အဓိကမဟုတ်ပါဘူး၊ ကျမရဲ့ ဆန္ဒတွေ လည်းရှိပါတယ်။ ကျမရဲ့ အမြင်တွေလည်း ရှိပါတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ဒီမိုကရေစီနည်းအရ အများရဲ့ဆုံးဖြတ်ချက်ကို လက်ခံရမှာဖြစ်ပါတယ်။ အများရဲ့ ဆုံးဖြတ်ချက်ကို လက်ခံတယ်ဆိုတာ မည်ကာ မတ္တ လက်ခံတာကို ပြောတာမဟုတ်ပါဘူး။ တကယ်ပဲ လက်ခံတယ်ဆိုရင် စိတ်ရောကိုယ်ပါ လုပ်ရပါမယ်။ ဆုံးဖြတ်ချက်မချခင်မှာ ကိုယ့်ရဲ့ အမြင်ကို တင်ပြချင်သလို တင်ပြလို့ရတယ်။ ကိုယ်သဘောတူတာမတူတာကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရပါတယ်။"

"ဒါပေမဲ့ ဆုံးဖြတ်ချက်ချပြီးပြီဆိုလို့ရှိရင် အဲဒီချမှတ်တဲ့ ဆုံးဖြတ်ချက်အတိုင်း စိတ်ရောကိုယ်ပါလိုက်ပြီးတော့ လုပ်ပေးရမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီတာဝန်တစ်ခု ဖြစ်တယ်ဆိုတာကို ကျမအားလုံးကို နားလည်စေချင်ပါတယ်။ ဥပမာအားဖြင့်ဆိုရင် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲ ဝင်ရေးကိစ္စကို ကျမကိုယ်တိုင်လည်း သဘောတူခဲ့တာ မဟုတ်ပါဘူး။ ဆုံးဖြတ်ချက်ချတဲ့အထဲမှာ ပါဝင်ခဲ့တာလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့အဖွဲ့ချုပ်ကဆုံးဖြတ်ချက်ချပြီးပြီဆိုရင် အဖွဲ့ချုပ်ရဲ့လမ်းစဉ်အတိုင်းကျမအားလုံးလုပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲဝင်ရေးအတွက်ကို လက်မှတ်ထိုးပြီးတော့ လျှောက်ပါဆိုတာကို ကျမလျှောက်ခဲ့တယ်။ ဒါပေမဲ့ ကျမကိုဝင်ခွင့်မပေးခဲ့ဘူး။ နောက်ပြီးတဲ့အခါကျတော့ ဝင်ခွင့်မပေးခဲ့ပေမယ့်လည်း ဒီရွေးကောက်ပွဲမှာ အဖွဲ့ချုပ်ကနေ မဲထည့်ပါလို့ပြည်သူတွေကို ဆော်သြခဲ့တဲ့အတွက် ကျမ အကျဉ်းကျနေစဉ်တုန်းက မဲထည့်ခဲ့ပါတယ်။ ဘယ်လိုမဆို ဒီမိုကရေစီကို လေးစားတဲ့သူတိုင်းဟာ တကယ်ပဲ ဒီမိုကရေစီစိတ်ဓါတ်ရှိတယ်ဆိုရင်အများရဲ့ဆန္ဒကိုလေးစားလိုက်နာရမယ်ဆိုတာ အပြောနဲ့မဟုတ်ပါဘူး၊ အလုပ်နဲ့ပါ။ နောက်ဆုံးကျတော့ စိတ်တွင်းကပါ လေးစားလိုက်နာရမှာပါ။"

"ဒီလိုလုပ်မှသာလျှင် ကျမတို့ဟာ တကယ့်စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်နေတယ်လို့ပြောလို့ရမှာပါ။ ကိုယ်သဘောတူတဲ့ကိစ္စ ဆုံးဖြတ်လို့ ကိုယ်က လိုက်လျောတယ်ဆိုတာ၊ ဒါ ဘာမှမထူး ဆန်းပါဘူး။ လူတိုင်း လုပ်နိုင်တဲ့ကိစ္စပါ။ အမှန်ပြောမယ် ဆိုရင်ဒီမိုကရေစီကို မနှစ်မြို့တဲ့သူတွေ၊ ဒီမိုကရေစီကို မလိုလားတဲ့သူတွေတောင်မှ သူတို့လုပ်ချင်တာကို လိုက်လုပ်ဖို့ဆိုတာဝန်လေးတာ မဟုတ်ပါဘူး။ ဒီမိုကရေစီရဲ့ ခဲယဉ်းတဲ့ တာဝန်တစ်ခုဟာ ဒါပါပဲ။ ကိုယ်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကိုယ်လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ၊ အများက ဆုံးဖြတ်ပြီဆိုလို့ရှိရင် ကောင်းကောင်းမွန်မွန် လိုက်နာရမှာ၊လေးစားရမှာဖြစ်ပါတယ်။ ဥပမာဆို လို့ရှိရင်ဒီမိုကရေစီနိုင်ငံတွေမှာရွေးကောက်ပွဲကနေပြီးတော့ ရွေးထုတ်လိုက်တဲ့သူတွေကို

စာမျက်နှာ ၃ သို့

ယုံကြည်ချက်ကြောင့် အကျဉ်းကျသူဆိုသည်ကို သမတဦးသိန်းစိန် လက်မခံ
စာမျက်နှာ ၄

မြန်မာနိုင်ငံလူ့ အခွင့်အရေးအခြေအနေ ဆုံးဖြတ်ချက် ကုလသမဂ္ဂအတည်ပြု
စာမျက်နှာ ၇

ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည် ဆန္ဒပြခွင့် ပြင်ဆင်ချက်အတည်ပြု
စာမျက်နှာ ၁၀

ဖဲကြိုးဖြူနေ့ အထိမ်းအမှတ် တိုင်းနဲ့ ပြည်နယ်အသီးသီးမှာ ကျင်းပပြုလုပ်
စာမျက်နှာ ၁၄

အဖွဲ့ ချုပ် ပါတီဆုံးဖြတ်ချက် နိုင်ငံရေး ၁၀ ပါတီမဟာမိတ်များမှထောက်ခံကြိုဆို
စာမျက်နှာ ၁၆

အဲန်အယ်လ်ဒီ ပြန်လည်ဖွဲ့စည်းရေးလျှောက်လွှာ အသစ်များ လက်ခံ
စာမျက်နှာ ၁၉

# ဝန်ကြီးကလင်တန်၏ မြန်မာပြည်ခရီးစဉ်

နှစ်ပေါင်းများစွာ ဆိုးဝါးလှသော အာဏာရှင်စနစ်အမြစ်တွယ်ခဲ့သည့် မြန်မာနိုင်ငံတွင် အံ့သြဖွယ်မယုံကြည်နိုင်လောက်သည့် အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်ဟု ယုံကြည်ပြောဆိုနေကြပေသည်။ လွတ်လပ်၍တိုးတက်ပွင့်လင်းသော အပြောင်းအလဲတချို့ ဖြစ်ပေါ်ခဲ့သည့်အပေါ် သံသယနှင့်စောင့်ကြည့်နေသူတွေရှိသကဲ့သို့ အပြုသဘောဆောင် အကောင်းမြင်သူတွေလည်းရှိသည်။

ယခုလိုအခြေအနေမျိုးတွင် အမေရိကန်သမတ အိုဗားမားမှ လိမ်မာပါးနပ်စွာဖြင့် အပြောင်းအလဲများကို ရှေ့တိုးလုပ်ဆောင်ရန် တွန်းအားပေးလျက်ရှိသည်။ မကြာမီ နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီကလင်တန်ကို မြန်မာနိုင်ငံစေလွှတ်မည်ဟုဆိုပါသည်။ ယခုလို ကမ္ဘာ့အင်အားကြီးနိုင်ငံတခု၏ ခေါင်းဆောင်တယောက် မြန်မာနိုင်ငံသို့လာရောက်၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တွန်းအားပြောဆိုမှုကို ဝမ်းမြောက်စွာကြိုဆိုရမည်ဟု ယူဆသည်။

ဝန်ကြီးကလင်တန်၏ ယခုခရီးစဉ်သည် အင်အားကြီးအနောက်နိုင်ငံအစိုးရများကို ဦးဆောင်သည့်အမေရိကန်အစိုးရနှင့် မြန်မာအစိုးရတို့၏ထူးခြားသည့် ချစ်ကြည်ရေးခရီးစဉ်ဟု ဆိုရပေမည်။ ကြိုဆိုပါသည်၊ အနာဂါတ်မြန်မာနိုင်ငံ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ခရီးစဉ်ဟု ယူဆသည်။

မြန်မာနိုင်ငံမှ ပေါများကြွယ်ဝလှသော သဘာဝသယံဇာတများမှ စီးပွားရေးအကျိုးအမြတ်များကိုရယူနေသည့် တရုတ်အစိုးရ၏ လုပ်ရပ်များကို ဟန့်တားသည့်သဘောဖြစ်နိုင်သည့်ခရီးစဉ်ဟုလည်း ယူဆသည်။ မြန်မာနိုင်ငံအပေါ် တရုတ်အစိုးရ၏ သြဇာလွှမ်းမိုးနေမှုကို အရှိန်လျော့သွားစေနိုင်စေရန် အမေရိကန်၏ကြိုးပမ်းမှုဟုလည်း ဝေဖန်သုံးသပ်သူများရှိပါသည်။

မည်သို့ပင်ဆိုစေကာမူ နှစ်ပေါင်းများစွာ ဆင်းရဲတွင်းနက်ပြီး ဒုက္ခမျိုးစုံခံစားနေကြရသော မြန်မာလူထုကြီးအတွက် ဒီမိုကရေစီအာရုံဦးသို့မျှော်မှန်းကြည်နူးကြရတော့မည်ဟူသောအတွေးဖြင့် လူထုကြီးအားတက်မည်မှာသေချာသည်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေး ကြိုးပမ်းနေမှုကိုထောက်ခံအားပေးကူညီမည့် ဝန်ကြီးကလင်တန်၏ခရီးစဉ်ကို မြန်မာလူထုကြီးမှ ဝမ်းပမ်းတသာကြိုဆိုကြမည်မှာ မလွဲပေ။ ဝန်ကြီးကလင်တန်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့နိုင်ငံအရေးကိစ္စမျိုးစုံကို ဆွေးနွေးပြောဆိုကြရာတွင် အပြောင်းအလဲအတွက် ခက်ခဲနက်နဲသောပြဿနာများကို ဖြေရှင်းနိုင်မည့်တိုးတက်ကောင်းမွန်သော အကြံဉာဏ်များ အတွေးအခေါ်အယူအဆများ ရရှိလာနိုင်မည်ဟု ယုံကြည်သည်။

စစ်အာဏာရှင်စနစ်ကို စိတ်ပျက်ညည်းငွေ့နေကြသော မြန်မာလူထုသည်၊ အပြောင်းအလဲကို အာသာငန်းငန်းလိုးလားတောင်းတနေကြသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါသည်။ ယခုကဲ့သို့ စစ်အာဏာရှင်စနစ်မှ အရပ်သားအစိုးရခေတ်၊ ပြည်သူလူထုခေတ်သို့ ရောက်ရှိတော့မည်ဖြစ်၍ ဤပြောင်းလဲရေးလုပ်ငန်းစဉ်များကိုအဖက်ဖက်မှ ကူညီထောက်ခံအားပေးကြသော မည်သည့်နိုင်ငံ၊မည်သည့်လူပုဂ္ဂိုလ်တဦးတယောက်ကိုမဆိုအထူးကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်းမှတ်တမ်းတင်အပ်ပါသည်။

---

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ အမှတ်တံဆိပ် ပြောင်းလဲမည်

**Mizzima ၊ နိုဝင်ဘာ ၂၁ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ၏ အမှတ်တံဆိပ်ဖြစ်သော ခမောက်ပုံကို ပါတီပြန်လည် မှတ်ပုံတင်ရာ၌ အသုံးပြုတော့မည် မဟုတ်ကြောင်း သိရသည်။

"ဘာကိုပြောင်းမယ်ဆိုတာ စိတ်ကူးမရှိသေးဘူး။ ဒါပေမယ့် ခမောက်တံဆိပ် လိုဂိုကတော့ ကျနော်တို့ သုံးမှာ မဟုတ်တော့ဘူး၊ ဝိဝါဒဖြစ်စရာတွေရှိနေလို့။" ဟု NLD ၏ ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်က မဇ္ဈိမကို ပြောသည်။

ပါတီတံဆိပ် ပြောင်းမည်ဖြစ်သော်လည်း ပါတီအလံအားပြောင်းလဲရန် မရှိဟုဆိုသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် မှတ်ပုံတင်ထားသည့် အခြားပါတီတခုက ခမောက်တံဆိပ်အသုံးပြုထားသဖြင့် NLD ပါတီ၏အမှတ်တံဆိပ်ကို အခြားတံဆိပ်ဖြင့် ပြောင်းလဲမှတ်ပုံတင်ရန် စီစဉ်နေခြင်းဟုလည်း သိရသည်။

ပါတီ၏ အမှတ်တံဆိပ်ပြောင်းရန်နှင့် ပါတီမှတ်ပုံတင်ရေးလုပ်ငန်းစဉ်များအတွက် လာမည့်သီတင်းပတ်အတွင်း ဗဟိုအလုပ်မှုဆောင်များ အစည်းအဝေးကျင်းပမည်ဖြစ်သည်။ ပါတီ ပြန်လည် မှတ်ပုံတင်ကာ လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် NLD ၏ ဗဟိုကော် မတီဝင်များက ဆုံးဖြတ်ခဲ့ကြသည်။

NLD သည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၉၃ ပါတီအနက် ခမောက်ကို ရွေးကောက်ပွဲဝင် သင်္ကေတအဖြစ် အသုံးပြုသည့် တခုတည်းသော ပါတီဖြစ်သည်။ ထို့ပြင် နှစ်ပေါင်း ၂၀ ကျော်ဖြတ်သန်းခဲ့သည့် ပါတီသက်တမ်းတလျှောက်တွင်လည်း ခမောက်တံဆိပ်ကို အစဉ်တစိုက် အသုံးပြုခဲ့သည်။

သို့သော် ၂၀၁၀ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် NLD ပါတီ ခေါင်းဆောင်ဟောင်းများ ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) က ခမောက်ပုံအား ပါတီအမှတ်တံဆိပ်အဖြစ် အသုံးပြုသဖြင့် NLD က ရွေးကောက်ပွဲကော်မရှင်ထံ ကန့်ကွက်ရာ ရှုံးနိမ့်ခဲ့သည်။

ပါတီ၏ အမည်၊ အလံနှင့် အမှတ်တံဆိပ်တို့ကို ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ရာတွင် မှတ်ပုံတင်ပြီးသည့် အခြားပါတီတခု၏ အမည်၊ အလံ၊ အမှတ်တံဆိပ်တို့နှင့် တူညီလျှင် သို့မဟုတ် ဆင်တူရိုးမှားဖြစ်နေလျှင် ကွဲပြားစေရန် ကော်မရှင်က ညွှန်ကြားရမည်ဟု နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေတွင်ပြဋ္ဌာန်းထားသည်။

---

**မျက်နှာဖုံးမှ**

အစိုးရအဖြစ်လက်ခံကြရတာပါ။ ဒီလို သမ္မတရွေးတယ်ဆိုပါတော့၊ သမ္မတရွေးတဲ့ နိုင်ငံတွေမှာဆိုလို့ရှိရင် ရွေးကောက်ပွဲကရွေး ထုတ်လိုက်တဲ့ သမ္မတကိုတက်လာတဲ့အခါကျရင်ဒီ သမ္မတကို မဲမပေးခဲ့တဲ့သူတွေကလည်း ဒါနိုင်ငံတော် သမ္မတလို့လက်ခံရ မှာပါ။ ဒါ ဒီမိုကရေစီနည်း အရလုပ်ခဲ့လို့ရှိရင်။ ဒီလို ဒီမိုကရေစီနည်းအရလုပ်ခဲ့လို့ရှိရင် ကိုယ့်ဘက်မှာ ရှုံးတဲ့အခါလည်းရှိမယ်။ ကိုယ့်ဘက်မှာ နိုင်တဲ့အခါလည်းရှိမယ်ဆိုတာကို တစ်ခါတည်း လက်ခံထားရမှာဖြစ်ပါတယ်။ အမြဲပဲနိုင်ချင်နေတယ်ဆိုတာတော့ ဒါ ဒီမိုကရေစီ စိတ်ဓါတ်မဟုတ်ဘူးဆိုတာတော့အားလုံး ဆင်ခြင်သင့်ပါတယ်။ ဒီမိုကရေစီစိတ်ဓါတ်ဆိုတာ ဘာလဲဆိုတော့ လူတိုင်းလူတိုင်းဟာ ကိုယ့်အတွေးအခေါ်နဲ့ လွတ်လွတ်လပ်လပ်တွေးခေါ်ပိုင်ခွင့်ရှိပါတယ်။ အဲတော့ လူတွေများတဲ့အခါကျတော့ အတွေးအခေါ်ကလည်း အမျိုးမျိုးရှိတယ်။"

"သို့သော်လည်း ဒီဟာတွေကို ဆွေးနွေးညှိနှိုင်းပြီးတော့ အဖြေရှာရမယ်။ ဆွေးနွေးညှိနှိုင်းပြီးတော့ ရှာတဲ့အဖြေကို အများရဲ့ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရမယ်ဆိုတာ။ ဒါက ဒီမိုကရေစီရဲ့အနှစ်သာရပဲ။ ရိုးရိုးလေးပြောလိုက်လို့ရှိရင်ဒါပါပဲ။ အဲတော့ ကျမတို့ ဒီမိုကရေစီ၊ဒီမိုကရေစီဆိုတာပြောမယ်ဆိုရင်ဒီကမ္ဘာကြီးမှာဒီမိုကရေစီနဲ့ပတ်သတ်လို့ရေးထားတဲ့ စာအုပ်စာတမ်းတွေက သောင်းမကသိန်းမကတောင်ရှိမယ်လို့ထင်ပါတယ်။ အားလုံးကတော့ တစ်မျိုးစီ တစ်မျိုးစီပြောကြမှာပဲ။ အခြေခံကတော့ဒါပါပဲ။ လူတွေကတယောက်နဲ့တယောက်မတူဘူးဆိုတာလက်ခံတယ်။ အတွေးချင်းမတူဘူးဆိုတာလက်ခံတယ်။ ကိုယ့်အတွေးနဲ့ကိုယ် လွတ်လွတ်လပ်လပ်ရှိစေရမယ် ဆိုတာ လက်ခံတယ်။ ဒါပေမဲ့ ဒီမိုကရေစီ နည်းအရအများရဲ့ဆုံး ဖြတ်ချက်ကို လေးစားလိုက်နာရမယ်ဆိုတာလဲ လက်ခံရမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီမိုကရေစီအတွက်ဆိုပြီးတော့ ထူထောင်ထားတဲ့ပါတီတစ်ခုမှာ ဒီလိုတာဝန်ရှိပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တကယ်တော့ နိုင်ငံရေးပါတီတစ်ခုအနေနဲ့ လွတ်လွတ်လပ်လပ်လှုပ်ရှားပိုင်ခွင့် ရှိခဲ့ရတဲ့အချိန်ဟာ အင်မတန် နည်းပါတယ်။"

"အနှစ် ၂၀ ကျော်ရှိပြီ၊အဖွဲ့ကို ထူထောင်ခဲ့တာ။ ဒါပေမယ့်လဲ တကယ်တော့လွတ်လွတ်လပ်လပ် ဒီမိုကရေစီပါတီတစ်ခုအနေနဲ့ဒီမိုကရေစီနိုင်ငံရေးပါတီ တစ်ခုအနေနဲ့ လုပ်ဆောင်နိုင်ခွင့်တွေ အင်မတန်မှ နည်းခဲ့ပါတယ်။ ဒီလိုနည်းခဲ့တဲ့အထဲက ကျမတို့ ရုန်းပြီးတော့ ရှင်သန်ခဲ့တာပါ။ အဲဒီအတွက်လည်း ကျမကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ကျမ ခဏခဏ အောင်မြင်ခြင်းတရားလေးပါး အကြောင်းပြောပါတယ်။ ဆန္ဒ၊ ဝိရိယ၊ စိတ္တ၊ ပညာ ဆန္ဒကတော့ရှိပြီးသားဆိုတော့ ဒါလက်ခံပါတယ်။ ကျမတို့ အဖွဲ့ချုပ်ကို ဝင်တဲ့သူတိုင်းဟာ ဒီမိုကရေစီကို ရချင်တဲ့ဆန္ဒရှိလို့ ဝင်ကြတာပါ။ ဝိရိယရှိလားဆိုတော့၊ ဝိရိယရှိလို့လည်းအခုအနှစ် ၂၀ကျော်ဆက်ပြီးတော့ရှိနေကြတာဆိုတာ ကျမလက်ခံပါတယ်။ ပြီးတော့ ဘာကျန်လဲဆိုတော့ စိတ္တနဲ့ ပညာ။ ကျမတို့ ဒီမိုကရေစီအတွက် ဆက်ပြီးကြိုးပမ်းသွားတဲ့အခါမှာ မှန်ကန်တဲ့ စိတ်ဓါတ်မျိုးရှိဖို့ လိုပါတယ်။ ပညာလည်းရှိဖို့လိုပါတယ်။"

"အခုခေတ်ဟာ ပညာ၊ ဗဟုသုတ ခေတ်ကြီးပါ။ အဲတော့ ကျမတို့ ဘယ်လိုဆုံးဖြတ်ချက်ပဲ ချချ စိတ်ဓါတ်က မှန်ရမယ်။ အာဃာတကင်းလွတ်ရမယ်။ အဂတိ တရားတွေကနေပြီးတော့ ကင်းလွတ်ရမယ်။ အဲတော့ ကျမတို့ဟာ အဂတိတရားလေးပါးကနေကင်း လွတ်ပြီးတော့ ဆုံးဖြတ်ချက်တွေချရပါမယ်။ နောက်ပြီးတော့ ပညာ၊ ပညာနဲ့သုံးသပ်ရပါမယ်။ ကျမတို့ အခုလုပ်နေတာဟာ နိုင်ငံ့ရဲ့အနာ ဂတ်အတွက်လုပ်နေတာပါ။ ပြီးတော့ နိုင်ငံ့ရဲ့အနာဂတ်ကို ဘယ်လို လုပ်သင့်တယ်ဆိုတာ လုပ်နည်းလုပ်ထုံးနည်းတွေ အမျိုးမျိုးရှိတဲ့အထဲမှာ လက်တွေ့ကျကျ ဘယ်လိုနည်းတွေနဲ့ အခုချိန်အခါမှာ အကောင်းဆုံးလုပ်နိုင်မယ်ဆိုတာကို၊ အဲဒါကို စဉ်းစားပြီးတော့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။"

"ကျမရဲ့အမြင်သဘောထားတွေကို ကျမနောက်ဆုံးမှ ပြောပါမယ်။ ဒီလိုဘာဖြစ်လို့ ကျမပြောတာလဲဆိုတော့ ကျမရဲ့သြဇာကြောင့်မလို့ အားလုံးကဝိုင်းပြီးတော့ ဒီဘက်ကို ဖြစ်ဖြစ်၊ ဟိုဘက်ကိုဖြစ်ဖြစ် လိုက်ရမှာပဲဆိုတာကို ကျမက အပြောမခံနိုင်ပါဘူး။ဒါကြောင့် မလို့ ကျမအနေနဲ့ ဘယ်လိုသဘောထားရှိတယ်ဆိုတာကို အားလုံးဒီစီစီတွေကနေ ဆွေးနွေးပြီးတဲ့အခါမှာ ကျမပြောပါမယ်။ ဒါပေမဲ့ဆုံးဖြတ်တဲ့နေရာမှာ ကျမခုနက ပြောသလိုပဲ ကျမတို့ လူတွေဟာ ဒီမိုကရေစီရရှိရေးအတွက် ဆန္ဒရှိရေးအတွက် ကျမတို့ ယုံကြည်တယ်။ ဝိရိယရှိတယ်ဆိုတာလဲယုံကြည်တယ်။ မှန်ကန်တဲ့စိတ်ဓါတ်နဲ့ပညာရှိပီပီ ချင့်ချင့်ချိန်ချိန်သေသေချာချာ အခြေအနေကို ဆုံးဖြတ်ပြီးတော့ မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ အဂတိတရားလေးပါးကင်းဝေးစွာနဲ့ ဆုံးဖြတ်ချက်ချပါလို့ ကျမ အဲဒီလိုပဲ မေတ္တာရပ်ခံချင်ပါတယ်။ ဒါဟာ ကျမတို့ ပါတီရဲ့ အနာဂတ်အတွက် ကျမတို့ လုပ်နေတဲ့ ကိစ္စမဟုတ်ပါဘူး။"

"ဒီမိုကရေစီ လှုပ်ရှားမှု တစ်ခုတည်းရဲ့ အနာဂတ်အတွက်လည်း ကျမတို့ လုပ်နေတာမဟုတ်ပါဘူး။ ကျမတို့ နိုင်ငံရဲ့ အနာဂတ်အတွက် ကျမတို့လုပ်နေတယ်ဆိုတာ၊ အဲဒါကိုတော့ စွဲစွဲမြဲမြဲ ခေါင်းထဲမှာ ထားစေချင်ပါတယ်။ တာဝန်သိသိနဲ့ ဆုံးဖြတ်ချက်ကိုချပါ။ ကိုယ့်တာဝန်ဟာ ကိုယ်မှန်တယ်ထင်တဲ့လမ်းကိုရဲရဲဝံ့ဝံ့လျှောက်ဖို့ ဒါက နံပါတ်တစ်ပါ။ ဒါပေမယ့် မှန်တဲ့လမ်းကို လျှောက်မယ်ဆိုတဲ့နေရာမှာ ဒီ ဒီမိုကရေစီပါတီနဲ့တူတူ လက်တွဲမယ်ဆိုတဲ့ ဆုံးဖြတ်ချက်က ပါပြီးသားဆိုတာ မမေ့ပါနဲ့။ ကိုယ့်ရဲ့ ဆန္ဒနဲ့မကိုက်ညီတဲ့ ဆုံးဖြတ်ချက် ဖြစ်စေကာမူ အများရဲ့ဆုံးဖြတ်ချက်ဆိုရင် စိတ်ရောကိုယ်ပါ တကယ့်ကို ထက်ထက်သန်သန်နဲ့ ဒီဆုံးဖြတ်ချက်ကို ထောက်ခံဖို့ အကောင်အထည်ဖော်ဖို့ လုပ်ပေးသွားစေချင်ပါတယ်။ အဲဒီလိုလုပ်မှလဲ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လုပ်ငန်းတွေဟာ အောင်မြင်မှာဖြစ်ပါတယ်။ တစ်ယောက်တစ်ပေါက်လုပ်နေလို့တော့ အောင်မြင်မှာ မဟုတ်ပါဘူး။ ကျမတို့ကတော့ မှန်ကန်တယ် ထင်လို့ရှိရင် စွန့်စားပြီးတော့ လုပ်ရမှာပဲ။ သို့သော်ငြားလည်း ကျမတို့အားလုံးဟာ ပုထုဇဉ်လူသားတွေမို့လို့ အမှားမရှိဘူးလို့ ပြောလို့မရပါဘူး။ ဆုံးဖြတ်ချက်တွေဟာ မှန်လည်းမှန်နိုင်တယ်၊ မှားလည်းမှားနိုင်တယ်။ ဒါပေမဲ့ အမှားဆိုတာလည်း ပြင်လို့မရတာ မဟုတ်ပါဘူး။ အမှန်ဆိုတာလဲ ငါမှန်ပြီဟေ့ဆိုပြီးတော့ ထိုင်ပြီးတော့လုပ်နေလို့ ဆက်မှန်သွားမှာမဟုတ်ပါဘူး။ တစ်ချိန်လုံး အခြေအနေကို တစ်နေ့နဲ့တစ်နေ့ သုံးသပ်သွားပြီးတော့ လုပ်သင့်တာကို ဆက်လုပ်သွားရမှာ။ ငါမှန်ပြီ၊ ငါတို့ မှန်ပြီဆိုပြီးတော့ ဆက်ပြီးတော့ ဒီ မှန်ကန်တဲ့အပေါ်မှာ တိုးတက်မှုရအောင် မလုပ်နိုင်ဘူးဆိုရင်လဲ ဒါဟာ ကုသိုလ်ထဲကအကုသိုလ်ဖြစ်တယ်လို့ပဲ ပြောရမှာပါ။ မှားတယ်ဆိုလို့ ရှိရင်လည်း ဒီအမှားအပေါ်မှာ အခြေခံပြီးတော့ သင်ခန်းစာယူပြီးတော့ ပြုပြင်သွားမယ်ဆိုရင် အကုသိုလ်ထဲက ကုသိုလ်ဖြစ်လာတဲ့ အမှားဖြစ်သွားနိုင်ပါတယ်။"

**စာမျက်နှာ ၅ သို့**

# ယုံကြည်ချက်ကြောင့် အကျဉ်းကျသူဆိုသည်ကို သမတဦးသိန်းစိန်လက်မခံ

**VOA ၊ နိုဝင်ဘာ ၂၀ ။** ။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပနေတဲ့ အာဆီယံထိပ်သီးစည်းဝေးပွဲရဲ့ ဒီကနေ့ နောက်ဆုံးနေ့ ညပိုင်းမှာတော့ မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်က သတင်းထောက်တွေနဲ့တွေ့ဆုံခဲ့ပါတယ်။ သမ္မတဦးသိန်းစိန်က သတင်းထောက်တွေကို တွေ့ပြီးတော့ ဘာတွေ ရှင်းပြခဲ့သလဲဆိုတာကိုတော့ ဘာလီကျွန်းမှာ သတင်းယူဖို့ ရောက်နေတဲ့ ဗွီအိုအေမြန်မာပိုင်း အယ်ဒီတာဒေါ်ခင်စိုးဝင်းကို မသင်းသီရိက ဆက်သွယ်မေးမြန်းထားပါတယ်။

သမ္မတဦးသိန်းစိန်ကဒီနေ့ညပိုင်းသတင်းထောက်တွေနဲ့တွေ့တဲ့အခါ ဘယ်လိုအချက်တွေ ပြောကြားခဲ့သလဲဆိုတာရှင်းပြပါဦးရှင့်?

**ဒေါ်ခင်စိုးဝင်း ။** ။ "အနှစ် ၅၀ နီးပါးအတွင်း မြန်မာသမ္မတ တစ်ဦးအနေနဲ့ ပထမဆုံးအကြိမ် သတင်းသမားတွေကို ထူးထူးခြားခြားတွေ့ဆုံမေးမြန်းခွင့်ပြုခဲ့တာလို့ပဲ ပြောရမှာပါ။ (၁၉) ကြိမ်မြောက်အာဆီယံထိပ်သီးညီလာခံနဲ့ အရှေ့အာရှ ထိပ်သီးညီလာခံကြီး ပြီးဆုံးတဲ့နေ့မှာ မြန်မာသတင်းသမားတွေကို စုဝေးပြီး တွေ့ဆုံခဲ့တာပါ။ အမေရိကန်သမ္မတဘာရက်အိုဘားမားက နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကို မြန်မာနိုင်ငံကို စေလွှတ်ဖို့ဆုံးဖြတ်လိုက်တာနဲ့ပတ်သက်ပြီးသမ္မတဦးသိန်းစိန်က အခုလို ပြောဆိုပါတယ်။"

**ဦးသိန်းစိန် ။** ။"တိုက်တိုက်ဆိုင်ဆိုင် အစည်းအဝေးမှာအိုဘားမားအနေနဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ လတ်တလောနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေကို သူ ဖော်ထုတ်ပြီးတော့ ပြောကြားသွားတာရှိပါတယ်။အကုန်လုံးပကတိအကောင်းချည်းပဲလားဆိုတော့ လည်းမဟုတ်သေးပါဘူး။ ဆက်ပြီးတော့ကျနော်တို့လုပ်ရမယ့်ဟာတွေ ဆက်ပြီးတော့ သူ့အနေနဲ့ ဒါကို စောင့်ကြည့်ရမယ့်ဟာတွေကိုလည်း ကျနော်တို့ကို ပြောပါတယ်။ သို့သော်လည်းပဲ ဘာပဲဖြစ်ဖြစ်ကျနော်တို့ရဲ့ ဒီဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြုတယ်ဆိုတဲ့ အတွက်ကိုယ့်နိုင်ငံအတွက်တော့ ဒါ အများကြီး ကောင်းတယ်ပြောရမှာပေ့ါ။ နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံကိုလာမယ်ဆိုတဲ့ဟာက ကျနော်ထင်ပါတယ်၊ နှစ်ပေါင်းလေးငါးဆယ်အတွင်းမှာ မရှိခဲ့တဲ့ဟာပါ။ ဒါလည်း ကျနော်တို့ နိုင်ငံအတွက်တော့ ဘာပဲဖြစ်ဖြစ် ကောင်းတဲ့အခြေအနေတရပ်လို့ ကျနော်တို့ ပြောရမှာဖြစ်ပါတယ်။"

**ဒေါ်ခင်စိုးဝင်း ။** ။ "မြန်မာနိုင်ငံမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေအတွက် တွန်းအားပေးကြတဲ့နေရာမှာ ဒီမိုကရေစီ ထွန်းကားပြီးသား၊ ရင့်ကျက်ပြီးသား အနောက်နိုင်ငံတွေက လိုချင်တဲ့ပုံစံမျိုးလို တထပ်တည်း ဖြစ်အောင်လုပ်လို့မရပေမဲ့ အံဝင်ခွင်ကျဖြစ်အောင်တော့ရနိုင်ပါတယ်လို့ သမ္မတဦးသိန်းစိန်က အခုလိုပြောပါတယ်။"

**ဦးသိန်းစိန် ။** ။ ဒီမိုကရေစီ ရှင်သန်အောင်လုပ်ဖို့ ဆိုတဲ့နေရာမှာ အဓိကကတော့ တိုင်းပြည်ငြိမ်းချမ်းဖို့ လိုတယ်။ တိုင်းပြည်အေးချမ်းဖို့ဆိုတာမှာ ၂ ပိုင်းပေ့ါ။ ပြည်တွင်းက သဘောထားအမြင် အမျိုးမျိုးရှိနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ သဘောထားချင်း တူညီအောင် ညှိကြတဲ့အပိုင်းပေ့ါ။ တခါသဘောထားအမြင်အမျိုးမျိုးရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ကျနော်တို့သဘောထားအမြင်ချင်းတူပြီဆိုလို့ရှိရင် ပြည်ပကလည်း ဘာပဲဖြစ်ဖြစ် ဖိအားတွေလျော့နည်းလာတယ်။အခုလိုပဲပေ့ါဟုတ်လား။ ဒေါ်အောင်ဆန်းစုကြည်တို့ ကျနော်တို့တွေ့ကြပြုကြ။ ကိုယ့်ရဲ့ညီအစ်ကို မောင်နှမတွေလိုပဲသဘောထားပြီးတော့ တွေ့တယ်။ တွေ့တော့ ကျနော်တို့ရဲ့စိတ်စေတနာတွေ လည်းနားလည်သွားတယ်။ ကျနော်တို့နဲ့တွေ့ပြီး နောက်ပိုင်းမှာဆိုရင် အပြုအမူတွေ အပြောအဆိုတွေ ဒါတွေကလည်း ကျနော်တို့ အများကြီးပြောင်းလဲသွားတယ်။ ဒီပြောင်းလဲတဲ့အပေါ်မှာ မူတည်ပြီးတော့မှ ပြည်ပကနေပြီးတော့လည်း လိုက်ပြီးတော့ ပြောင်းတယ်။"

**ဒေါ်ခင်စိုးဝင်း ။** ။ "မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးပါလှတဲ့ ကျန်နေသေးတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူတွေ လွှတ်ပေးရေးနဲ့ပတ်သက်လို့တော့ သမ္မတဦးသိန်းစိန်က သူ့ရဲ့သဘောထားကို အခုလိုပြောပြပါတယ်။"

**ဦးသိန်းစိန် ။** ။"ယုံကြည်ချက်ကြောင့် ဆိုတဲ့ဟာကတော့ပြောရမှာခက်တယ်။ကျနော်တို့ကတော့ ယုံကြည်ချက်ဆိုတာကိုတော့ လက်မခံဘူး။ ဥပဒေတစ်ခုခုကို ကျူးလွန်ထားတဲ့အတွက်ကြောင့်ကျနော်တို့က အရေးယူထားတာ။ အဲဒီတော့ သူ့လိုပဲ ဥပဒေတစ်ခုခုတွေ ကျူးလွန်ထားတဲ့သူတွေ ထောင်ထဲမှာ အများကြီးရှိတယ်။ အဲဒီတော့ ဒီအဖွဲ့တွေပဲ ပြောမယ်ဆိုရင်တော့ ကျန်တဲ့အဖွဲ့အတွက်ပါ ခင်ဗျားတို့ကိုယ်ချင်းမစာရာကျတယ်။ ကျနော်တို့ကတော့ အားလုံးအတွက် စဉ်းစားပြီးတော့ တိုင်းပြည်ရဲ့အခြေအနေ၊ အချိန်အခါကိုကြည့်ပြီးတော့ ဖွဲ့စည်းအုပ်ချုပ်ပုံကလည်း သမ္မတကိုလုပ်ပိုင်ခွင့်အပ်နှင်းထားတာက ခုနကလိုpardon ပေးလို့ရတယ်။ လွတ်ငြိမ်းချမ်းသာခွင့် amnesty ကျနော်တို့က ပေးလို့ရတယ်။ အဲဒီတော့ အချိန်မရွေး အချိန်အခါအပေါ်မှာ ကြည့်ပြီးတော့ပဲ ကျနော်တို့ ဒါကိုလုပ်သွားရမှာပေ့ါ။ ဘာကြောင့် လဲဆိုတော့ ကိုယ့်နိုင်ငံသားတွေ ဖြစ်တယ်။"

**ဒေါ်ခင်စိုးဝင်း ။** ။"ဆက်လက်ပြီးတော့ တိုင်းရင်းသား ဒေသတွေမှာ တိုက်ခိုက်တာတွေ ရပ်စဲသွားအောင်၊ ငြိမ်းချမ်းရေးရအောင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့တွေ့ဆုံဆွေးနွေးညှိနှိုင်းနေတဲ့အကြောင်းကိုလည်း ဦးသိန်းစိန်က အခုလိုပြောပါတယ်။"

**ဦးသိန်းစိန် ။** ။ "ထာဝရ ငြိမ်းချမ်းရေးဆိုတာ ကျနော်တို့က အဓိပ္ပါယ်ဖွင့်တာကတော့ ဥပဒေဘောင်ထဲကို ကျနော်တို့အားလုံး ဝင်ရောက်ပြီးတော့မှ ဥပဒေတခုတည်းရဲ့အောက်မှာ နိုင်ငံသားအားလုံးကနေထိုင်လုပ်ကိုင် စားသောက်၊ သွားစရာရှိတဲ့နေရာတွေ သွားပြုပြီးတော့ ဒီလိုဖြစ်ရေးဟာ ခုနကလို ကျနော်တို့အတွက် ထာဝရငြိမ်းချမ်းရေးဖြစ်တယ်။သို့သော် အချိန်တော့ယူရမယ်။ဒီအထဲမှာလည်း ကျနော်တို့ညှိရပြုရတာ ခေါင်းဆောင်ပိုင်းတွေမှာလည်း စာတတ် ပေတတ်တဲ့သူတွေပါသလို စာမတတ်ပေ မတတ်တွေကလည်းပါနေတာ။ ဘာဖြစ်လို့လဲဆိုတော့ ယုံကြည်မှုလည်း တဘက်က ကျနော်တို့က သူတို့နဲ့တည်ဆောက်၊ သူတို့ကိုလည်း နားလည်အောင်ပြောထားတယ်။ မင်းတို့လိုချင်တဲ့ထဝ ရငြိမ်းချမ်းရေးဆိုတာတော့ ဥပဒေဘောင်ထဲကိုအားလုံးဝင်ရောက်လာပြီးတော့မှ ဒီဥပဒေတခုတည်းရဲ့ အောက်မှာပါတီဖွဲ့ချင်

**စာမျက်နှာ ၅ သို့**

# မြန်မာနဲ့လို အမေရိကန်–မြောက်ကိုရီးယား ဆက်ဆံရေး မဖြစ်နိုင်သေး

**VOA၊နိုဝင်ဘာ ၂၂။** ။အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံနဲ့ သံတမန်ဆက်ဆံရေးသစ်တရပ်တည်ဆောက်နိုင်နေပြီဖြစ်လို့မြောက်ကိုရီးယားနဲ့လည်း ဒီလိုမျိုး ဆက်ဆံရေးစနိုင်တဲ့ အခြေအနေ မှာရှိ နေပြီလို့ မဆိုနိုင်ကြောင်း တောင်ကိုရီးယားနိုင်ငံကို ရောက်နေတဲ့အမေ ရိကန်အကြီးတန်းသံတမန်တစ်ဦးက ပြောလိုက်ပါတယ်။ ပြီးခဲ့တဲ့ အပတ်ကပဲအမေရိကန်သမ္မတ ဘာရက်အိုဘားမားကနိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကို မြန်မာနိုင်ငံကို စေလွှတ်မယ်လို့ကြေညာခဲ့တာပါ။

မြောက်ကိုရီးယားအနေနဲ့ အမေရိကန်နဲ့အလားတူ သံတမန်ဆက်ဆံရေးမျိုး တည်ဆောက်ချင်ရင် ဘယ်လိုခြေလှမ်းတွေယူရမလဲဆိုတာနဲ့ပတ်သက်လို့ အမေရိကန်နိုင်ငံခြားရေးဌာနရဲ့နိုင်ငံရေးရာလက် ထောက်နိုင်ငံခြားရေးဝန်ကြီး ဝမ်ဒီရှာမန်း Wendy Sherman ကသတင်းထောက်တွေကိုပြောဆိုခဲ့တဲ့အကြောင်းကို JasonStrother ကသတင်းပေးပို့ထားတာကိုမခင်ဖြူထွေးက အစီရင်ခံထားပါတယ်။

မြန်မာနိုင်ငံဟာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်လာရောက်နိုင်လောက်တဲ့ နိုင်ငံရေးအရ ပွင့်လင်းလာတဲ့ ခြေလှမ်းတချို့ လုံလုံလောက်လောက် လှမ်းလာနေပြီဖြစ်တယ်လို့ မစ္စရှားမန်းက ပြောပါတယ်။ ဒီလိုဆိုတဲ့နေရာမှာ နိုင်ငံရေးအကျဉ်းသားတချို့ကိုပြန်လွှတ်ပေးတာ၊ သတင်းမီဒီယာ တင်းကျပ်မှုတချို့ လျှော့ပေါ့ပေးလာတာအပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်လာတာ စသဖြင့် ခြေလှမ်းတွေပဲဖြစ်ပါတယ်။

မြောက်ကိုရီးယားအနေနဲ့ ဒီလိုမျိုး အလားတူခြေလှမ်းတွေယူပြီးတော့ အမေရိကန်နဲ့ ဆက်ဆံရေးကောင်းမွန်အောင် လုပ်လိမ့်မယ်လို့ မျှော်လင့်နိုင်ပါသလားဆိုပြီးတော့ မစ္စရှားမန်းကို မေးမြန်းခဲ့ကြတာမှာ သူက မြောက်ကိုရီးယားအနေနဲ့အခုထပ်ပိုပြီး အများကြီးလုပ်ပြရဦးမယ်လို့ဆိုပါတယ်။

"နိုင်ငံခြားရေးဝန်ကြီး ကလင်တန် မြောက်ကိုရီးယားကို ရောက်လာတာကိုမြင်ချင်တယ်ဆိုရင်တော့စိုးရိမ်စရာအခြေအနေတွေရှိနေဆဲဖြစ်တဲ့ မြောက်ကိုရီးယားနိုင်ငံအနေနဲ့လုပ်ဆောင်ရမယ့်ခြေလှမ်းတွေအများရှိပါတယ်။ မြောက်ကိုရီးယားဘက်က လုပ်ပဲ့မယ်လို့ကတိပေးထားတဲ့ကိစ္စရပ်တွေကို အကောင်အထည် ဖော်ခြင်းအားဖြင့် သူတို့ အနေနဲ့ စလုပ်နိုင်ပါတယ်"

မြောက်ကိုရီးယားက သူ့ရဲ့ နျူကလီးယားလက်နက် အစီအစဉ်တွေကို အဆုံးသတ်ပေးမယ်၊ အပြန်အလှန်အားဖြင့် အမေရိကန်ဘက်က အကူအညီ အထောက်အပံ့တွေနဲ့ သံတမန်ဆက်ဆံရေးထားရှိသွားမယ်လို့ ၂၀၀၅ ခုနှစ်က သဘောတူခဲ့တာပါ။ ဒါပေမဲ့ မြောက်ကိုရီးယားဟာ အမေရိကန်၊ ရုရှား၊ တောင်ကိုရီးယား၊ တရုတ်နဲ့ ဂျပန်နိုင်ငံတွေပါဝင်တဲ့ ၆ ပါတီဆွေးနွေးပွဲကနေ ၂၀၀၉ ခုနှစ်က နုတ်ထွက်ခဲ့ပါတယ်။ သူ့အနေနဲ့ ယူရေနီယံ သန့်စင်မှုတွေလုပ်နေတယ်လို့လည်း ပြီးခဲ့တဲ့နှစ်က မြောက်ကိုရီးယားက ဖွင့်ချပြောဆိုခဲ့ပါသေးတယ်။ ဒါပေမဲ့ အခုဆွေးနွေးပွဲတွေ ပြန်စချင်တယ်လို့ မြောက်ကိုရီးယားဘက်က ပြန်လည်ပြောဆိုလာတာပါ။

မြောက်ကိုရီးယားအနေနဲ့ဆွေးနွေးပွဲတွေ ပြန်စချင်ရင်ဘာတွေလုပ်ဆောင်ဖို့လိုတယ်ဆိုတာကို အမေရိကန်နဲ့တောင်ကိုရီးယားအစိုးရတွေက ရှင်းရှင်းလင်းလင်း ပြောဆိုထားပြီးဖြစ်တယ်လို့ မစ္စ Sherman က ပြောပါတယ်။ ရှေ့ဆက်သွားဖို့အတွက်ကတော့ မြောက်ကိုရီးယားရဲ့သဘောပဲဖြစ်တယ်လို့ သူက ဆိုပါတယ်။

"ယူရေနီယံသန့်စင်မှု အစီအစဉ်ရပ်ဆိုင်းတာ အပါအဝင် သူတို့လုပ်ပဲ့မယ်လို့ ကတိပေးထားတဲ့ကိစ္စတွေကို မြောက်ကိုရီးယားက ခုထိမလုပ်သေးပါဘူး။ ၂၀၀၅ ခုနှစ် သဘောတူညီချက်ပါ ကတိကဝတ်တွေအတိုင်း ဆောင်ရွက်လာတဲ့ အချိန်ထိ ကျမတို့ စောင့်ကြည့် ရမှာပါ။ ပြီးတော့ ခြောက်ပါတီဆွေးနွေးပွဲ ပြန်စနိုင်အောင် သူတို့ဘက်က ဘာတွေ ဆောင်ရွက်လာမလဲဆိုတာကိုလည်း ကြည့်ရပါဦးမယ်"

မြောက်ကိုရီးယားအနေနဲ့ သူ့ရဲ့ နျူကလီးယား လက်နက်အစီအစဉ်တွေကို အဆုံးသတ်ဖို့ တကယ်ပဲ ဆန္ဒရှိတယ်ဆိုတာကို ပြနိုင်ရင်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်သွားရောက်တဲ့ခရီးစဉ်မျိုး အပါအဝင်တခြား ဘယ်ကိစ္စမျိုးမဆိုဖြစ်နိုင်ပါတယ်လို့ မစ္စ Sherman က ပြောပါတယ်။ ဒါပေမဲ့ အဲဒီလိုဖြစ်ဖို့ အများကြီးလိုနေသေးတယ်လို့လည်းသူကပြောဆိုခဲ့ပါတယ်ရှင်။

**စာမျက်နှာ ၄ မှ**

တဲ့သူတွေက ဖွဲ့။ စီးပွားရေးလုပ်ချင်တဲ့သူက လုပ်။ ပြီးရင် ခုနကလို လွှတ်တော် ထဲရောက်လာရင်တော့ အကုန်လုံး တို့တိုင်းရင်းသားတွေဟာ တန်းတူ ရည်တူနဲ့ ဆက်ဆံကြရမှာပဲဆိုပြီး ရည်ရွယ်ထားတာကတော့ အဲဒီလို ရည်ရွယ်ထားတယ်။"

သမ္မတ ဦးသိန်းစိန်က အာဆီယံ မိသားစုဝင်ဖြစ်တာနဲ့အညီ အလှည့်ကျဥက္ကဋ္ဌဆိုတဲ့တာဝန်ကို မဖြစ်မနေလုပ်သွားရမယ့် ဝတ္တရားရှိတယ်လို့ပြောရင်းလုပ်စရာအလုပ်တွေလည်းအများကြီးရှိသေးကြောင်း ပြောပါတယ်။ သမ္မတဦးသိန်းစိန်ရဲ့ သတင်းသမားတွေနဲ့တွေ့ဆုံပွဲမှာ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးနဲ့ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းဌာနဝန်ကြီးဦးတင်နိုင်သိန်း၊ သမ္မတအကြံပေးပုဂ္ဂိုလ်တွေဖြစ်ကြတဲ့ ဦးကိုကိုလှိုင်၊ ဒေါက်တာနေဇင်လတ်နဲ့ဦးစစ်အေးတို့လည်းတက်ရောက်ခဲ့ပါတယ်။ ဒီကနေ့ ထူးထူးခြားခြား မြန်မာသတင်းသမားတွေကို တွေ့ဆုံတယ်ဆိုတာဟာလည်း သမ္မတဦးသိန်းစိန်အစိုးရရဲ့ပြုပြင်ပြောင်းလဲရေးခြေလှမ်းတွေထဲက ရှေ့ဆက်လှမ်းတဲ့ခြေလှမ်းလို့ပဲ ကောက်ချက်ချရမလား စဉ်းစားစရာပါပဲ။"

**စာမျက်နှာ ၃ မှ**

"ဒါကြောင့် အားလုံးဟာ ရဲရဲဝံ့ဝံ့နဲ့ မှန်ကန်တဲ့ လမ်းလို့ ထင်တဲ့ လမ်းကို လျှောက်ဖို့ပြင်ဆင်ကြပါ။ ကျမတို့ ဒီမှာ ပြောတဲ့ အခါမှာ ကိုယ့်ရဲ့အုပ်စုလေးအတွက်မဟုတ်ဘူး၊ ကိုယ့်မြို့နယ်အတွက် မဟုတ်ဘူး၊ ကိုယ့်တိုင်းအတွက်ကိုယ့်ပြည်နယ်အတွက် မဟုတ်ဘဲနဲ့ ကျမတို့တစ်နိုင်ငံလုံးအတွက် စဉ်းစားပြီးတော့ ဆုံးဖြတ်ချက်ချကြပါလို့ ကျမမေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။"

# မြန်မာအစိုးရနဲ့ မြန်မာ့နျူကလီယားကိစ္စဆွေးနွေးဖို့ ကလင်တန်ကို တောင်းဆို

**VOA ၊ နိုဝင်ဘာ ၂၅ ။** ။ မြောက်ကိုရီးယားအကူအညီနဲ့ မြန်မာနိုင်ငံက နျူကလီယားလက်နက်ထုတ်ဖို့ ကြိုးစားနေတဲ့ကိစ္စကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကို Hillary Clinton မြန်မာနိုင်ငံကိုသွားတဲ့ အခါမှာ သေသေချာချာဆွေးနွေးဖို့ အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီက ထိပ်တန်းအမတ်တစ်ဦးဖြစ်တဲ့ အင်ဒီယားနားပြည်နယ် အထက်လွှတ်တော်အမတ် Richard Luger က တောင်းဆိုလိုက်ပါတယ်။

မြောက်ကိုရီးယားအကူအညီနဲ့ မြန်မာအစိုးရက နျူကလီယားလက်နက်ထုတ်ဖို့ ရည်ရွယ်တယ်ဆိုတဲ့သတင်းကို အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီက လွန်ခဲ့တဲ့ ၅ နှစ် လောက်ကတည်းကရခဲ့ပြီး အမေရိကန်အစိုးရတာဝန်ရှိသူတွေကို အသေးစိပ်တင်ပြခဲ့တယ်လို့ နိုင်ငံခြားရေးရာကော်မတီက ဝန်ထမ်း Keith Luse ရဲ့ ပြောကြားချက်ကို ဝါရှင်တန်ပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

သီးခြားရပ်တည်ခဲ့တဲ့ အာဏာရှင်စနစ်ကျင့်သုံးခဲ့တဲ့ မြန်မာနိုင်ငံကို နှစ်ပေါင်း ၅၀ ကျော်အတွင်း နိုင်ငံခြားရေးဝန်ကြီးအဆင့်နဲ့ပထမဆုံးသွားရောက်မယ့် ဝန်ကြီးကလင်တန်ရဲ့ မြန်မာနိုင်ငံခရီး မစတင်ခင်မှာ အထက်လွှတ်တော်အမတ် မစ္စတာလူဂါက ကြေညာချက်ထုတ်ပြန်တာလို့ဆိုပါတယ်။

ပြီးခဲ့တဲ့ ဇွန်လ အထက်လွှတ်တော်အမတ် John McCain မြန်မာနိုင်ငံကိုသွားရောက်စဉ်က မြန်မာနိုင်ငံက နျူကလီယား လက်နက်ကိစ္စ လုပ်နိုင်လောက်အောင် မချမ်းသာပါဘူးလို့ မြန်မာအစိုးရဘက်က ငြင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့ ကမ္ဘာပေါ်မှာ လူ့အခွင့်အရေးအချိုးဖောက်ဆုံး၊ ပိတ်ဆို့အရေးယူဒဏ်ခတ်မှုအခံရဆုံးမြန်မာနဲ့မြောက်ကိုရီးယားနှစ်နိုင်ငံရဲ့ဆက်ဆံရေးကို အမေ ရိကန်နိုင်ငံက အနီးကပ်စောင့်ကြည့်နေတာကြာပြီဖြစ်ပါတယ်။

မကြာသေးခင်နှစ်ထဲမှာပဲမြန်မာနိုင်ငံကိုမသင်္ကာစရာလက်နက်တွေသယ်လာတယ်လို့ သံသယရှိခဲ့တဲ့ မြောက်ကိုရီးယားသင်္ဘောတွေကို အမေရိကန်ရေတပ်က လမ်းခုလတ်ကနေ ပြန်လှည့်ခိုင်းခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးတွေကျယ်ကျယ်ပြန့်ပြန့်လုပ်မယ်လို့ကတိပေးထားတာကို မြန်မာအစိုးရအနေနဲ့ တကယ်လက်တွေ့ လုပ်ပြနိုင်မနိုင်ဆိုတဲ့ အချက်ကိုကြည့်ပြီး မြန်မာဘက်က ဖြောင့်မှန်မှုကို တိုင်းတာနိုင်တယ်လို့လည်း ရစ်ချက်လူဂါရဲ့ ကြေညာချက်မှာ ဖော်ပြပါတယ်။

ဒါ့ပြင် အမေရိကန်က မြန်မာအစိုးရနဲ့ ထိတွေ့ဆက်ဆံလာမှုကို တုံ့ပြန်တဲ့ အနေနဲ့ မြန်မာဘက်က ဒီနျူကလီယား လက်နက်အစီအစဉ်၊ အတိုင်းအတာနဲ့ ရည်ရွယ်ချက်ကို မချွင်းမချန်ပြောဆိုသင့်တယ်လို့လည်းဆိုပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ကို ကြိုဆိုကြောင်းနဲ့ မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးပုံမှန်ပြန်ဖြစ်လာဖို့လိုလားကြောင်း သောကြာနေ့မှာပဲ သတင်းထောက်တွေနဲ့တွေ့ဆုံခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ပြောခဲ့ပါတယ်။ ဒါ့အပြင် ဒါဟာ တရုတ်နဲ့ ဆက်ဆံရေးကို ထိခိုက်စေမှာ မဟုတ်ဘူးလို့ ယုံကြည်ကြောင်းလည်း ပြောပါတယ်။

## ကိုဇာဂနာရဲ့ ပထမဦးဆုံး ပြည်ပခရီးစဉ်

**RFA ၊ နိုဝင်ဘာ ၂၅ ။** ။ နိုင်ငံရေးအကျဉ်းသားဟောင်း စွယ်စုံရအနုပညာရှင် ကိုဇာဂနာအပါအဝင် အနုပညာရှင် ၂ ဦးဟာ ရှေ့လအတွင်း ကမ္ဘောဒီးယားနိုင်ငံကိုသွားရောက်ပြီး မှတ်တမ်းရုပ်ရှင်နဲ့ ဇာတ်လမ်းတိုရုပ်ရှင် ပညာရပ်ဆိုင်ရာတွေ သွားရောက်လေ့လာ ဆွေးနွေးမယ်လို့ သိရပါတယ်။

နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဇာဂနာဟာ ရက်ပိုင်းအတွင်းက နိုင်ငံကူးလက်မှတ်ရရှိခဲ့တယ်လို့သိရပါတယ်။ ပထမဆုံး ပြည်ပခရီးစဉ်မှာ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့က META Film School ရုပ်ရှင်သင်တန်းကျောင်းကို သွားရောက်မယ်လို့ ပြောပါတယ်။

လာမယ့် ဒီဇင်ဘာ ၁၆ ရက်မှာ ထိုင်းနိုင်ငံကို အရင်ဆုံးရောက်မှာဖြစ်ပြီး အဲဒီမှာလည်း ဂျာမန်ဒါရိုက်တာ ၂ ဦးတာဝန်ယူစီ စဉ်တဲ့ ၄ ရက်ကြာ ရုပ်ရှင်ဆိုင်ရာဆွေးနွေးပွဲ တက်ရောက်မယ်လို့ သိရပါတယ်။ ဒီဇင်ဘာ ၁၉ ရက်မှာ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်ကို ရောက်မယ်လို့ သိရပါတယ်။

လာမယ့်နှစ် ဇန်နဝါရီ ၄ ရက်မှာ ကျင်းပဖို့ပြင်ဆင်ထားတဲ့ မြန်မာနိုင်ငံ ရုပ်ရှင်ပွဲတော်အပြီးမှာလည်း နိုင်ငံခြားဒါရိုက်တာ ၂ ဦး အကူအညီနဲ့ ရုပ်ရှင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမျိုး လုပ်နိုင်အောင် ပြင်ဆင်နေတယ်လို့ ကိုဇာဂနာက ပြောပါတယ်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးညီလာခံ ကျင်းပမည်

**RFA ၊ နိုဝင်ဘာ ၂၅ ။** ။ ဦးသိန်းစိန်အစိုးရသစ်လက်ထက်မှာ လူ့အခွင့်အရေးတိုးတက်မှု အခြေအနေကို စမ်းသပ်တဲ့အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးညီလာခံကြီးတစ်ရပ်ကို လာမယ့်လ အတွင်း ရေဝတီတိုင်း ဘိုကလေးမြို့မှာ ပထမဆုံးအကြိမ် ကျယ်ကျယ်ပြန့်ပြန့်ကျင်းပဖို့ပြင်ဆင်နေကြောင်း သိရပါတယ်။

ဒီညီလာခံကို HRDP လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ကွန်ရက်ကဦးဆောင်ပြီး နိုင်ငံတကာ ဒီဇင်ဘာလ ၁၀ ရက် လူ့အခွင့်အရေးနေ့မှာ ကျင်းပမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဒေသအသီးသီးက အနည်းဆုံး လူ ၅၀၀ လောက်တက်ရောက်လိမ့်မယ်လို့ ခန့်မှန်းထားကြောင်း HRDP အဖွဲ့အကြီးအကဲ ဦးမောင်မောင်လေးက အာရ်အက်ဖ်အေကို ပြောပါတယ်။

ညီလာခံကိုတက်ဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံရေးပါတီခေါင်းဆောင်တွေနဲ့ ရန်ကုန်အခြေစိုက် သ တင်းမီဒီယာတွေကို အခုရက်ပိုင်းအတွင်း စတင်ဖိတ်ကြားမယ်လို့ ဦး မောင်မောင်လေးက ပြောပါတယ်။

HRDP လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ရက်ကို ၂၀၀၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး စစ်အစိုးရလက်ထက်က လူ့အခွင့်အရေးလှုပ်ရှားမှုတွေကြောင့် ခေါင်းဆောင်တစ်ဦးဖြစ်သူ ရွှေနေဦးမြင့်အေးအပါအဝင် HRDP အဖွဲ့ဝင် ၈ ဦးနဲ့ ကွန်ရက်မှာပါဝင်လှုပ်ရှားသူ ၁၆ ဦး၊ စုစုပေါင်း ၂၄ ဦး ထောင်ချခံထားရဆဲဖြစ်ပါတယ်။

လက်ရှိဦးသိန်းစိန် အစိုးရလက်ထက်မှာတော့ HRDP လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ရက်ရဲ့ လှုပ်ရှားဆောင် ရွက်မှုတွေကို အာဏာပိုင်တွေက နှောင့်ယှက်ဟန့်တားတာ မရှိသေးဘူးလို့လည်း ဦးမောင်မောင်လေးက ပြောပါတယ်။

# မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ ဆုံးဖြတ်ချက် ကုလသမဂ္ဂအတည်ပြု

**VOA၊နိုဝင်ဘာ ၂၁။** ။ နိုင်ငံပေါင်း ၄၈ နိုင်ငံက ဦးဆောင်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုပြုချက် မူကြမ်းကို (၆၆) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာတနင်္လာနေ့က ဆွေးနွေးခဲ့ကြပြီးတော့ မဲခွဲဆုံးဖြတ်ရာမှာ ထောက်ခံမဲ ၉၈ မဲနဲ့ အတည်ပြုခဲ့ပါတယ်။မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးဆက်ပြီးတော့ ချိုးဖောက်မှုတွေလုပ်နေတာကို အထူး စိတ်ပူသလို နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ လုပ်ပေးဖို့၊ တိုင်းရင်းသားဒေသတွေမှာတိုက်ပွဲတွေ ချက်ချင်းရပ်ဖို့နဲ့ ဒေါ်အောင်ဆန်း စုကြည်ကို နိုင်ငံရေးလွတ်လပ်စွာ လုပ်ပိုင်ခွင့်တွေပေးဖို့တောင်းဆိုလိုက်ပါတယ်။ ဒီအကြောင်းအပြည့်စုံကို ဒေါ်ခင်မျိုးသက်က အစီရင်ခံထားပါတယ်။

ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်တဲ့ တတိယကော်မတီမှာ နိုင်ငံပေါင်း ၄၈ နိုင်ငံကနေ ဦးဆောင်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆိုပြုချက်မူကြမ်းကို တနင်္လာနေ့မှာ ဆွေးနွေးခဲ့ကြတာပါ။ ဆွေးနွေးပွဲအပြီး မဲခွဲဆုံးဖြတ်ရာမှာ နိုင်ငံပေါင်း ၉၈ နိုင်ငံက ထောက်ခံမဲပေးခဲ့ပြီး ၂၅ နိုင်ငံက ကန့်ကွက်မဲ၊ ၆၃ နိုင်ငံက မဲမပေးဘဲနေ ခဲ့ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အဆိုပြုချက်ကို ထောက်ခံမဲ အများစုနဲ့ အတည်ပြုခဲ့ပါတယ်။

အခုတကြိမ် ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်ဟာ မြန်မာနိုင်ငံမှာ တိုင်းရင်းသားဒေသတွေက တိုက်ပွဲတွေအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် ပြင်းပြင်းထန်ထန်သတိပေးထားပြီး လက်တွေ့နဲ့ ထင်ဟပ်မှုရှိတာဟာ ထူးခြားတယ်လို့ ဆွေးနွေးပွဲကို ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ Burma Fund အဖွဲ့ရဲ့ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ် ဒေါက်တာ သောင်းထွန်းက ပြောပါတယ်။

"ဆုံးဖြတ်ချက်ကဒီနှစ်ထူးခြားတာကတော့ကနေ့မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အပြုသဘောဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ပတ်သက်လို့ ကြိုဆိုတာတွေ၊ မှတ်ချက်ပြုတာတွေ ရှိသလို ဆက်ပြီးတော့ ဖြေရှင်းရမယ့် လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ဖြစ်နေသေးတာနဲ့ပတ်သက်လို့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရပ်စဲဖို့အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာ အပစ်အခတ်ရပ်စဲပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေးကို တနိုင်ငံလုံး အတိုင်းအတာအသွင် လုပ်ဆောင်ဖို့၊ တိုင်းရင်းသားအင်အားစုတွေကိုလည်း နိုင်ငံရေးလုပ်ငန်းစဉ်ထဲမှာ ပါဝင်ဖို့ ဆွေး နွေးတာတွေ တွေ့ရပါတယ်။ အာဆီယံနိုင်ငံတွေထဲက ထိုင်းတို့၊ အင်ဒို နီးရှားတို့၊ စင်ကာပူတို့ကတော့ လက်ရှိပြုပြင်ပြောင်းလဲမှုတွေနဲ့ပတ်သက်လို့ တော်တော်လေး အပြုသဘောဆောင်ပြီးတော့ ဆွေးနွေးသွားတယ်။

"ထူးခြားတာကတော့ အရင်တုန်းက ဆွေးနွေးနေကျ အနောက်နိုင်ငံတွေအပြင်ကို အာဖရိက က ဘော့စ်ဝါးနား ဆိုလို့ရှိရင် လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဖြစ်နေတဲ့ပြဿနာတွေ ရပ်တန့်အောင် ကိုင်တွယ်ဆောင်ရွက်ဖို့နဲ့ တကယ့် အင်အားစုအားလုံး ပါဝင်တဲ့ ဒီမိုကရေစီရေး အသွင်ကူးပြောင်းမှုကို ပြောသွားတာ တွေ့ရပါတယ်။ ဘရာဇီးလ်က အလားတူပဲ တဘက်မှာ ပြုပြင်ပြောင်းလဲမှုတွေအတွက် မျှော်လင့်သလို တိုင်းရင်းသားဒေသတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်လို့ ရပ်စဲဖို့ တောင်းဆိုသွားတာတွေ့ရတယ်။"

အမေရိကန်၊ ဗြိတိန်၊ ကနေဒါတို့လို မြန်မာ့အရေးကို အရင်ကတည်းက တစိုက်မတ်မတ် အားပေးလာခဲ့တဲ့ နိုင်ငံတွေကတော့ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် အစိုးရသစ်က ကတိပေးထားတဲ့ အတိုင်းမလုပ်ဘဲ ဆက်လက်ချိုးဖောက်နေတာတွေအတွက် အထူးစိုးရိမ်ကြောင်း ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။ ဆုံးဖြတ်ချက်ထဲမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးလုပ်ဆောင်မှုအတွက် ကန့်သတ်မှုတွေမလုပ်ဖို့ တောင်းဆိုတာ ပါဝင်တယ်လို့ ပြောပါတယ်။

"နိုင်ငံတကာရဲ့ အမြင်မှာဒေါ်အောင်ဆန်းစုကြည်ဟာတိုင်းပြည် ဒီမိုကရေစီအသွင် ကူးပြောင်းရေးမှာ အရေးပါတဲ့ အခန်း ကဏ္ဍကနေ ပါဝင်သင့်တယ်ဆိုတဲ့အမြင်ရှိပါတယ်။ ဒါကြောင့်ဒေါ်အောင် ဆန်းစုကြည် နိုင်ငံရေးဆောင်ရွက်မှုတွေကို လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပေးဖို့ ဆိုပြီးတော့ ထပ်မံတိုက်တွန်းတဲ့ သဘောမျိုးဖြစ်ပါတယ်။"

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည် အသက်အန္တရာယ်နဲ့ လုံခြုံရေးအတွက် တာဝန်ယူဖို့ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးနဲ့ နိုင်ငံရေးလုပ်ဆောင်မှု လုပ်ငန်းစဉ်တွေမှာ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးဖို့ကိုလည်း တောင်းဆိုထားပါတယ်။ ဒီအထဲမှာ အကျဉ်းကျနေတဲ့နိုင်ငံရေးအကျဉ်းသားတွေပါ အနာဂတ် မြန်မာ့နိုင်ငံရေးမှာပါဝင်စေဖို့ လိုအပ်သလိုကျန်နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးဖို့ ပြင်းပြင်းထန်ထန်တောင်းဆိုခဲ့တယ်လို့ဆိုပါတယ်။

"နိုင်ငံရေးအကျဉ်းသား ၂၂၀ လောက် လွှတ်ပေမဲ့လို့နိုင်ငံရေးအကျဉ်းသားအားလုံးချွင်းချက်မရှိ လွတ်မြောက်ဖို့၊ ထောင်ထဲမှာရှိတဲ့ ဆိုးရွားတဲ့အခြေအနေတွေကိုလည်း ထောက်ပြထားတာရှိပါတယ်။ အဲ ဒီမှာ အရေးကြီးတဲ့ တိုင်းသိပြည်သိ ရုပ်လေးလုံး ကျောင်းသားခေါင်းဆောင်တွေ၊ ခွန်ထွန်းဦးတို့လို တိုင်းရင်းသားခေါင်းဆောင်တွေ၊ လူ့အခွင့်အရေးလှုပ်ရှားတဲ့ ကိုမြင့်အေးတို့လို ပုဂ္ဂိုလ်တွေ၊ ရွှေဝါရောင်တော်လှန်ရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့တဲ့ ဦးဂမ္ဘီရတို့လို ပုဂ္ဂိုလ်မျိုးတွေကို ပိုပြီးတော့ ခပ်မြန်မြန်လွှတ်ဖို့ဆိုတဲ့ သဘောမျိုး တိုက်တွန်းတာတွေ ရတယ်။"

ဒါ့အပြင် အခုထိ နိုင်ငံရေးနဲ့ဆက်နွယ်နေသူတွေကိုဖမ်းဆီး အကျဉ်းချမှုတွေရှိနေတာနဲ့ မြန်မာ့အကျဉ်းထောင်တွေရဲ့ အခြေအနေဆိုးရွားမှုတွေကို ပြုပြင်ဖို့အပြင် နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC) ဆက်လက် သွားရောက်ခွင့်တွေပေးဖို့လည်း တိုက်တွန်းထားပါတယ်။

မြန်မာနိုင်ငံ ဒီမိုကရေစီရေး ဖော်ဆောင်ရာမှာ ကုသလမဂ္ဂအတွင်းရေးမှူးချုပ်က ဆက်လက်ပြီး ကူညီပံ့ပိုးပေးသွားဖို့ရှိတယ်လို့အတွင်းရေးမှူးချုပ်ရဲ့တွဲဘက်ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာဖာရင်ဟိုက်က အခုလို ပြောပါတယ်။

"အတွင်းရေးမှူးချုပ်ဟာ မကြာသေးခင်က မြန်မာခေါင်းဆောင် ဦးသိန်းစိန်နဲ့တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးကို ဆက်လက်လုပ်ဆောင်တဲ့နေရာမှာ ကုလသမဂ္ဂရဲ့ကူညီပံ့ပိုးမှုကိုရရှိမယ်ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်းအသိပေးခဲ့ပြီးပါပြီ။ ဒါကြောင့် မြန်မာ

**စာမျက်နှာ ၁၀ သို့**

# ပါတီမှတ်ပုံတင်မယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို သံဃာအဖွဲ့က ဝေဖန်

**Mizzima ၊ နိုဝင်ဘာ ၂၁ ။** ။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ပါတီမှတ်ပုံတင်ရန် ဆုံးဖြတ်ခဲ့အပေါ် တိုင်းပြည်၏ လက်ရှိအခြေအနေနှင့်မကိုက်ညီဟုဆိုကာ လွှတ်တော်ထဲတွင် မြန်မာ့နိုင်ငံရေး ပြဿနာများကို လုံးဝဖြေရှင်းနိုင်မည် မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးခြင်း ဖြင့်သာအဖြေရှာနိုင်မည်ဟု အတိုက်အခံသံဃာအဖွဲ့က ထုတ်ပြန်လိုက်သည်။

"ထူးခြားသည့်ပြောင်းလဲမှုများမဖြစ်ပေါ်သေးသည့်အခြေအနေအောက်တွင် ရွှေဂုံတိုင်ကြေညာစာတမ်း လမ်းကြောင်းမှ ယခုကဲ့သို့ပြောင်းလဲသွားခြင်းသည် တိုင်းပြည်၏ ပကတိအခြေအနေများနှင့်မကိုက်ညီ မသင့်လျော်"ဟု တနင်္လာနေ့က ထုတ်ပြန်သော မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု၏ ကြေညာချက်တွင်ပါရှိသည်။

လက်ရှိတွင် တိုင်းရင်းသားဒေသများ၌ စစ်ပွဲများဖြစ်၍ လူ့အခွင့်အရေးချိုးဖောက်နေခြင်း၊ လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေး ကဏ္ဍအသီးသီး၌ ဒီမိုကရေစီကင်းမဲ့နေသေးကြောင်း၊ သံဃာတော်များ၏လွတ်လပ်စွာဟောပြောခွင့်နှင့်ဘုန်းကြီးကျောင်းများကိုလည်း ပိတ်ပင်ထားဆဲဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

အဓိကအတိုက်အခံဖြစ်သော NLD မှာ ပါတီပြန်လည်မှတ်ပုံတင်ရေးနှင့် ရွေးကောက်ပွဲများတွင် ပါဝင်ရန်အတွက် တိုင်းနှင့် ပြည်နယ်အသီးသီးမှ ဗဟိုကော်မတီဝင် ၁၀၆ ဦး၏ သဘောတူညီချက်ဖြင့် နိုဝင်ဘာလ ၈ ရက်နေ့က ဆုံးဖြတ်ခဲ့သည်။

NLD က တောက်လျှောက် ကိုင်စွဲခဲ့သော မူဝါဒဟု ပြောဆိုရမည့် ဧပြီ ၂၀၀၉ ခုနှစ်က ထုတ်ပြန်သော ရွှေဂုံတိုင်ကြေညာစာတမ်းမှာ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်အား အသိအမှတ်ပြုရေး၊ နိုင်ငံရေး အကျဉ်းသားအားလုံးလွှတ်ပေးရေး၊ ၂၀၀၈ အခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေး၊ သုံးပွင့်ဆိုင်ဆွေးနွေးရေးတို့ကို တောင်းဆိုထားခဲ့သည်။

"ယနေ့ မြန်မာ့နိုင်ငံရေး ပြဿနာများကို စစ်ကြိုးဖွဲ့ လွှတ်တော်ထဲတွင် လုံးဝဖြေရှင်းနိုင်မည်မဟုတ်ဘဲ တန်းတူ ရည်တူ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်"ဟုသံဃာ့တပ်ပေါင်းစုကပြောသည်။

အလားတူ NLD မှတ်ပုံပြန်တင်ရန် ဆုံးဖြတ်ခဲ့သည့် နိုဝင်ဘာ ၁၈ ရက်အား "ပြည်သူ့ဆန္ဒ ပျက်သုန်းခြင်းနေ့" ဟု သတ်မှတ်ကြောင်း ၁၉၉၀ ရွေးကောက်ပွဲရလဒ်အား ဆွဲကိုင်ထားသူ ဒီချုပ်အဖွဲ့ဝင်ဟောင်းများက ပြောဆိုလိုက်သည်။

"နိုဝင်ဘာ ၁၈ ရက်ကျတော့ မှတ်ပုံပြန်တင်မယ့် အခါကျတော့ ကိုယ့်ရဲ့ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို နင်းချေ ပစ်လိုက်ပြီးတော့ ပြည်သူတွေလိုချင်တဲ့စစ်မှန်တဲ့ဒီမိုကရေစီ မဖော်ဆောင်နိုင်တဲ့အတွက် ကျမတို့က ဒီနေ့ဟာပြည်သူ့ဆန္ဒပျက်သုန်းတဲ့နေ့လို့ ကျမတို့ သတ်မှတ်လိုက်တယ်"ဟု အင်္ဂါဝတ်ပြုဆုတောင်းအသင်း ဦးဆောင်သူ ဒေါ်နော်အုန်းလှက မဇ္ဈိမကိုပြောသည်။

ယင်းကဲ့သို့ပြောဆိုရာတွင်ရန်ကုန်တိုင်းအတွင်းရှိပါတီပြန်လည်မှတ်ပုံမတင်စေလိုသူ NLD အဖွဲ့ဝင်နှင့် ပြည်သူများ၊ ဧရာဝတီတိုင်း ပုသိမ်မြို့ပေါ်ရှိ မြို့နယ်သုံးခုမှ ပါတီဝင် တချို့လည်းပါဝင်သည်ဟု သိရသည်။ ဒေါ်နော်အုန်းလှ အပါအဝင် NLD ပါတီဝင်အချို့နှင့် ရွေးကောက်ပွဲ မဝင်စေလိုသူ ပြည်သူတချို့က ပါတီထံရွေးကောက်ပွဲမဝင်သင့်သေးကြောင်း ပန်ကြားလွှာနှစ်စောင်ကိုလည်း NLD သို့ ပေးပို့ခဲ့ပြီးဖြစ်သည်။

"ပြောပြီးရင် လုပ်ရမယ်ဆိုတာ ခေါင်းဆောင်ရဲ့ တာဝန်ပဲလေ။ တောက်လျှောက်ပဲ ဒီအပေါ်မှာ ရပ်တည်လာခဲ့တယ်ပေါ့နော်။ အခု ၂၀၁၀ အထိ ကျမတို့ ရပ်တည်ခဲ့တာပေါ့နော်။ ဘာလို့ မရပ်တည်နိုင်ရမှာလဲ။ ရပ်တည်နိုင်တယ်ဆိုတာက ကျမတို့က သက်သေပဲလေ" ဟု NLD ပါတီမှ ထုတ်ပယ်ခံထားရသူ ဒေါ်နော်အုန်းလှက ပြောဆိုသည်။

NLD အနေဖြင့် မှတ်ပုံတင်တော့မည်ဖြစ်၍ မိမိတို့အနေဖြင့်လိုက်ပါမည် မဟုတ်ကြောင်း၊ မိမိတို့နှင့် ဆန္ဒတူသူများ ပူးပေါင်း၍ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ ပြည်သူရရှိသင့်သည့် အခွင့်အရေးနှင့် ဒီမိုကရေစီစံနှုန်းများရရှိစေရန် ကြိုးပမ်းသွားမည်ဟု မှတ်ပုံတင်ရေး မလိုလားသူများက ဆုံးဖြတ်ထားသည်။

---

# NCGUB မလိုတော့ဟု ဦးစိန်ဝင်းပြော

**RFA ၊ နိုဝင်ဘာ ၂၀ ။** ။ ဒီကနေ့ မြန်မာပြည်တွင်း နိုင်ငံရေးဖြစ်စဉ်တိုးတက်ပြောင်းလဲမှုတွေအရ ပြည်ပရောက် အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ NCGUB အနေနဲ့ ဆက်လက်ရပ်တည်စရာ မလိုတော့ကြောင်းဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လာမယ့်ရွေးကောက်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ ကြေညာလိုက်တဲ့အတွက် ပြီးခဲ့တဲ့ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ NLD လွှတ်တော်အမတ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ပရောက် အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ဟာ ဆက်လက်ရပ်တည်စရာမလိုအပ်တော့ဘူးလို့ ဒေါက်တာစိန်ဝင်းက သူ့အမြင်ကို ပြောပြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ပြောတာတော့ လာမယ့် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်။ လာမယ့် ရွေးကောက်ပွဲကိုမှ ဝင်ရောက်ယှဉ်ပြိုင်တဲ့နောက်တော့ ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို ဆက်ပြီးတော့ ဖြစ်ရမယ်ဆိုတဲ့ပုံစံမျိုး လုပ်လို့မရဘူးပေ့ါ။ ကျနော်တို့ အနေနဲ့ကတော့ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည် လာမယ့်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုရင်တော့၊ တကယ်လည်း စပြီးယှဉ်ပြိုင်ပြီဆိုရင်တော့ အဝေးရောက်ညွန့်ပေါင်းအစိုးရ NCGUB အနေနဲ့ ဆက်လက်ပြီးတော့ တည်ရှိဖို့လိုမယ်လို့ မထင်ဘူး"

ဒါပေမယ့် လုပ်ထုံးလုပ်နည်းအရ ပြည်ပရောက် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမတ်တွေနဲ့ ဖွဲ့စည်းထားတဲ့ MPU ခေါ် လွှတ်တော်အမတ်များသမဂ္ဂကနေ NCGUB အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ဝင်တွေကို ရွေးချယ်ထားတာဖြစ်တဲ့အတွက် MPU အဖွဲ့ကသာ ဆုံးဖြတ်ရမှာဖြစ်ကြောင်း ဒေါက်တာစိန်ဝင်းက ပြောပါတယ်။

အဝေးရောက်ညွန့်ပေါင်းအစိုးရ NCGUB အဖွဲ့ကို ပေါက်ခေါင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်ဝင်း ဦးဆောင်ပြီး ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရအမတ်တွေနဲ့ ကရင်အမျိုးသားအစည်းအရုံး KNU ဌာနချုပ်ရှိရာ မာနယ်ပလောစခန်းမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေရဲ့ထောက်ခံမှုနဲ့ ၁၉၉၀ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့က ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။




# သတင်းတိုများ

**နိုဝင်ဘာ ၂၁** ၊ RFA ။ ။ ရန်ကုန်တက္ကသိုလ် ယုဒသနရိပ်သာတွင်ကျင်းပသည့် ပညာရေးကွန်ယက် ရံပုံငွေစျေးရောင်းပွဲတော်ကို ဒေါ်အောင်ဆန်းစုကြည်အမှူးပြု၍ ဖွင့်လှစ်လိုက်၏။

**နိုဝင်ဘာ ၂၁** ၊ RFA ။ ။ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်တွင် နေရာယူလျှင် သူ့ဦးဆောင်မှုကို အပြည့်အဝထောက်ခံမည်ဟု တိုင်းရင်းသားနှင့် ဒီမိုကရေစီလွှတ် တော်အမတ်အချို့မှ ယနေ့ပြောကြား၏။

**နိုဝင်ဘာ ၂၁** ၊ Irrawaddy ။ ။ ဗိုလ်ချုပ်သန်းရွှေသည် နေပြည်တော်တွင် တရုတ်ပြည်မှခေတ္တပင့်လာသော ဗုဒ္ဓ၏သွားတော်ကို ပြသလျက်ရှိသော ဘုန်းကြီးကျောင်းသို့ သွားရောက်ဖူးခဲ့၏။

**နိုဝင်ဘာ ၂၁** ၊ Irrawaddy ။ ။ မွန်အမျိုးသားဒီမိုကရက်တစ်ပါတီ (MNDF) သည် ထိပ်ပိုင်းအပြောင်းအလဲ ပြုလုပ်ခဲ့ရာ နိုင်ငွေသိန်း (၈၉) သည် ဥက္ကဌသစ်၊ နိုင်တင် အောင်သည် တွဲဘက်ဥက္ကဌဖြစ်လာကြောင်း။

**နိုဝင်ဘာ ၂၁** ၊ Mizzima ။ ။ အဲန်အဲလ်ဒီသည် ပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ပြီးနောက် ခမောက်ကို မိမိ၏တံဆိပ်အဖြစ်မှစွန့်လွှတ်ကာ တံဆိပ်အသစ်သုံးမည်ဟုဆို၏။

**နိုဝင်ဘာ ၂၁** ၊ AFP ။ ။ လွှတ်နေသော ၄၈ နေရာတွင် မိမိပါဝင်အရွေးခံမည်ဟု ဒေါ်အောင်ဆန်းစုကြည်မှဆိုကြောင်း ဦးဉာဏ်ဝင်းမှဆို၏။

**နိုဝင်ဘာ ၂၁** ၊ ABC, USA ။ ။ အာဆီယံအားကစားပြိုင်ပွဲကို နေပြည်တော်တွင်ကျင်းပပြီး မြန်မာသည် အင်ဒိုနီးရှားထက် စီစဉ်မှုသာပြီး ချောမွေ့စေမည်ဟု မြန်မာတာဝန်ခံ နော်တောင်းမှဆို၏။

**နိုဝင်ဘာ ၂၁** ၊ Bloomberg ။ ။ ကလင်တန်ခရီးစဉ်အကြိုအဖြစ် မြန်မာအစိုးရသည် သူပုန်အဖွဲ့ငါးဖွဲ့နှင့် ပြောဆိုဆွေးနွေးရန် ကမ်းလှမ်းခဲ့၏။

**နိုဝင်ဘာ ၂၁** ၊ Malay Mail ။ ။ ပြည်တွင်းငြိမ်းချမ်းရေးရရေး၊ သူပုန်များနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ရန် မြန်မာအစိုးရများ ကတိပြုကြောင်း။

**နိုဝင်ဘာ ၂၁** ၊ BALI ။ ။ မြန်မာသမတသည် အမေရိကန်သမတမှ စွပ်စွဲသလို နိုင်ငံရေးအကျဉ်းသားများ အရည်အတွက်နှင့်ပတ်သက်၍ သဘောကွဲလွဲကြောင်း ဖြင့်ဆို၏။

**နိုဝင်ဘာ ၂၁** ၊ NAYPYITAW ။ ။ မြန်မာနှင့်အိန္ဒိယအရှေ့ပိုင်းတွင် ၅ ဒဿမ ၉ လှုပ်ခဲ့ကြောင်း US geological Survey မှဆို၏။

**နိုဝင်ဘာ ၂၁** ၊ Wtn Post ။ ။ တောင်ကိုးရီးယားသင်္ဘောနစ်မြုပ်ရာ မြန်မာသင်္ဘောသား ၄ ဦးရှာမတွေ့သေး။

**နိုဝင်ဘာ ၂၂** ၊ B P ။ ။ မြန်မာကို  အခွင့်အလမ်းပေးရန် အမေရိကန်သည် နောက်ဆုံးတနိုင်ငံဖြစ်သော်လည်း အိုဘားမားအစိုးရသည် ထိပ်သီးအရာရှိကိုလွှတ်၍ သတိချပ်ပါးနပ်စွာစမ်းသပ်နေ၏။

**နိုဝင်ဘာ ၂၂** ၊ Radio Australia ။ ။ ပြုပြင်ပြောင်းလဲမှုများဆက်လုပ်စေရန် မြန်မာသည် အားပေးမှုများလိုအပ်သည်။

**နိုဝင်ဘာ ၂၂** ၊ Radio Australia ။ ။ သတင်းစာ တင်းကြပ်ပိတ်ပင်မှုကို ရှေ့နှစ်ထဲတွင်ဖျောက်ဖျက်ရန် ရည်မှန်းကြောင်း မြန်မာသမတ၏ အမိကအကြံပေးအရာရှိ ဦးကိုကိုလှိုင်မှဆိုကြောင်း။

**နိုဝင်ဘာ ၂၂** ၊ Malaysia Insider ။ ။ သတင်းလောကချုပ်ကိုင်မှု လျှော့ပေးနေသော မြန်မာသတင်းစာ၊ စာစောင်၊ ရုပ်သံများတွင် ဒေါ်အောင်ဆန်းစုကြည်၏ အမည်နာမအပြင်၊ ဓါတ်ပုံများသည် ပြန်နှံ့စွာပါရှိရာ ဖတ်ရှုကြည့်ရှုသူဦးရေ သိသာစွာပိုများလာနေကြောင်း။

**နိုဝင်ဘာ ၂၂** ၊ VOA ။ ။ အမေရိကန်၏ မြန်မာနှင့်ဆက်သွယ်မှုတိုးမြှင့်မှုအား ကြိုဆိုကြောင်းဖြင့်ဆို၏။

**နိုဝင်ဘာ ၂၂** ၊ Irrawaddy ။ ။ အိုဘားမား၏ မြန်မာသို့ ဟီလာရီကလင်တန်အားစေလွှတ်ရန် အကြံအား အမေရိကန်အတိုက်အခံရော အာဏာရပါတီ အမတ်များကပါထောက်ခံ၏။

**နိုဝင်ဘာ ၂၂** ၊ Irrawaddy ။ ။ ကလင်တန်သည် နေပြည်တော်အား ကြိုးတင်းထားရန်လိုကြောင်း Simon  Rougheen မှသတင်းဝေဖန်၏။

**နိုဝင်ဘာ ၂၂** ၊ Irrawaddy ။ ။ တိုင်းသား ရေးရာများတွင် ပြောင်းလဲမှုမပြသေး၍ မွန်ခေါင်းဆောင်များသည် မြန်မာအစိုးရ၏ ခြေလှမ်းများကို သံသယမကင်း သေးကြောင်း။

**နိုဝင်ဘာ ၂၂** ၊ Irrawaddy ။ ။ မိမိသည် လွှတ်မြောက်ဦးမည်မထင်သေး၍ မိမိလွှတ်မြောက်ရေးအတွက် အနစ်အနာခံမစွန့်စားရန် မင်းကိုနိုင်မှ ဆွေမျိုးများမှ တဆင့်သတိပေး၏။

**နိုဝင်ဘာ ၂၂** ၊ Mizzima ။ ။ ရွှေဂုံတိုင်ကြေညာချက်မှသွေဖယ်ကာ အဲန်အဲလ်ဒီ၏ ပြန်လည်မှတ်ပုံတင်ရန်ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံ သံဃာပေါင်းချုပ်မဟာမိတ် All Burma Monks Alliance(ABMA) မှ သဘောမတူကြောင်း။

**နိုဝင်ဘာ ၂၂** ၊ DVB ။ ။ အပြည်ပြည်ဆိုင်ရာသံတမန်ဇာတ်ခုံတခုဖြစ်သည့် အာဆီယံသည် အလှည့်ကျသဘာပတိများ ဖြစ်လာမည့် အာဆီယံ၏ တိုးတက်မှုအနည်းဆုံးနိုင်ငံများ၏ ခေါင်းဆောင်မှုအောက်တွင် မှေးမှိန်လာနိုင်ကြောင်း။

**နိုဝင်ဘာ ၂၂** ၊ Asian Tribune ။ ။ မြန်မာအစိုးရနှင့် ပြန်လည်ဆက်ဆံရေးကြိုးပမ်းနေစဉ် တိုင်းရင်းသားလူမျိုးများအရေး လစ်လျူရှုခံနေရကြောင်း။ နိုဝင်ဘာ ၁၇ တွင် ပြည်တွင်းပြေးရှောင်နေရသူများစခန်းဖြစ်သည့် နတ်စင်ကုန်းရွာမှ နမ့်ကျန်အနီး နောင်ကျန်ကုန်းရွာသား ၉ ဦးအား မြန်မာစစ်တပ်မှ ခေါ်သွားကြောင်း။ ပါစတာ Gam Aung ဆိုသူလည်း အဖမ်းခံရကြောင်း။

**နိုဝင်ဘာ ၂၂** ၊ UN-AFP ။ ။ အီရန်၊ မြောက်ကိုးရီးယားနှင့် မြန်မာတို့၏ လူ့အခွင့်အရေးဖောက်ဖျက်မှုများအပေါ် ကုလသမဂ္ဂမှ ဆုံးဖြတ်ချက်ချရန်  စံချိန်တင် နိုင်ငံများစွာမှ သဘောတူမဲပေးကြ၏။

**စာမျက်နှာ ၁၃ သို့**

# ငြိမ်းချမ်းစွာ စုဝေး စီတန်းလှည့်လည် ဆန္ဒပြခွင့် ပြင်ဆင်ချက်အတည်ပြု

**VOA ၊ နိုဝင်ဘာ ၂၂ ။** ။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာ စုဝေးခွင့်နဲ့ စီတန်းလှည့်လည်ခွင့်မူကြမ်းကို ပြည်ထောင်စုလွှတ်တော်က ဒီကနေ့ အင်္ဂါနေ့မှာ အတည်ပြုလိုက်ပါတယ်၊ အမျိုးသားလွှတ်တော်နဲ့ပြည်သူ့လွှတ်တော်မှာ သဘောကွဲခဲ့တဲ့ နိုင်ငံတော်အလံ ကိုင်ဆောင်ခွင့်ကိစ္စကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အလံကိုင်ခွင့် မူကြမ်းကိုအတည်ပြုလိုက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးပြဋ္ဌာန်းနိုင်တော့မယ့် ငြိမ်းချမ်းစွာ စုဝေးခွင့်နဲ့ စီတန်းလှည့်လည်ခွင့်ဥပဒေမှာ ဘယ်လို ကန့်သတ်ချက်တွေရော ရှိနေသေးလဲ၊ ဆန္ဒထုတ်ဖော်ခွင့်ကို ဘယ်လောက် လွတ်လွတ်လပ်လပ် လုပ်နိုင်မှာလဲဆိုတာတွေကို ဘန်ကောက်ရုံးကိုရောက်နေတဲ့ မစုမြတ်မွန်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာငြိမ်းငြိမ်းချမ်းချမ်း လူစုခွင့်နဲ့စီတန်းလှည့်လည်ခွင့် ရနိုင်တော့မယ့် ဥပဒေကြမ်းကို လွှတ်တော် ၂ ရပ်ပေါင်းထားတဲ့ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုလိုက်တာဖြစ်ပါတယ်။ သက်ဆိုင်ရာဆီမှာ ကြိုတင်ခွင့်တောင်းပြီး စုဝေးခွင့်၊ လှည့်လည်ခွင့် ရတော့မှာဖြစ်တယ်လို့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက VOA ကိုရှင်းပြပါတယ်၊

"ဦးဆောင်မယ့် ပုဂ္ဂိုလ်ရယ်၊ နောက်တခါ ဟောပြောပွဲလုပ်မယ်ဆိုရင်လည်း ဟောပြောမယ့် ပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးအချက်အလက်တွေ ပါရပါမယ်။ နောက်ပြီးကြွေးကြော်သံတွေနဲ့ကြွေးကြော်မယ်ဆိုရင်လည်း ကြွေးကြော်သံတွေရဲ့ စာသား၊ ဒါလေးတွေကိုတော့ ကြိုပြီးတင်ပြရပါမယ်။ ဒါပေမယ့် ဘယ်လိုအကြောင်းအရာကိုတော့ဖြင့် ဆန္ဒဖော်ထုတ်ခွင့်မရှိဘူး၊ ဘယ်လိုအကြောင်းအရာကိုပဲ ဆန္ဒဖော်ထုတ်ခွင့်ရှိတယ်လို့ ကန့်သတ်ချက်တွေတော့ မရှိပါဘူးခင်ဗျ"

အခုဥပဒေကြမ်းထဲမှာ စုဝေးရမယ့် နေရာနဲ့ပတ်သက်လို့ကန့်သတ်ချက်ရှိသေးပေမဲ့ ဒီအချက်ကို ပြုနိုင် ပြင်နိုင်မယ်လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွှန့်က ပြောပါတယ်။ ငြိမ်းချမ်းစွာလူစုခွင့်၊ စီတန်းခွင့်ရနိုင်ဖို့ ကန့်သတ်ချက်တွေနဲ့ ပြန်ပြီး ထိန်းထားတာတွေကို တဖြည်းဖြည်းပြင်ယူသွားနိုင်မယ်လို့ သူက မျှော်လင့်ပါတယ်။

"ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ ဘာတို့ ပေးလိုက်တဲ့အပေါ်မှာတဘက်ကလည်း စည်းကမ်းထိန်းကျောင်းထားတဲ့ဟာတွေရှိတာပေါ့။ ဥပမာကန့်သတ်ချက်တွေတချို့ထားထားတာတွေပေါ့။ဥပမာဒေသဆိုင်ရာ ဓလေ့ထုံးတမ်းတွေကို လိုက်နာရမယ်ဆိုတာမျိုးတို့၊ နောက်တခါ အသရေဖျက်မှုမျိုး မပြောရဘူးတို့ ဆိုတာတွေကလွတ်လပ်စွာပြောဆိုခွင့်ကို ထိပါးစေတဲ့ အဟန့်အတားတွေဖြစ်တယ်ဆိုရင် နောက်ပြန်လည်ပြုပြင်ရမှာပေါ့။ နိုင်ငံတကာ အဆင့်နဲ့ချိန်ကြည့်ရင်တော့ ကျနော်တို့က အခုမှစရတဲ့အခါကျတော့ လုပ်ရင်းနဲ့ ပြင်စရာရှိတာတွေတော့ နောင် ပြင်ရမှာပေါ့"

ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်တဲ့နေရာမှာ လုံခြုံရေးကို မထိခိုက်ရင်ဆိုတဲ့ အချက်ကိုခံထားတာဟာ အပြည့်အဝ လွတ်လပ်ခွင့်ပေးတာမျိုးမဟုတ်ဘူးဆိုပြီး လူ့အခွင့်အရေး လှုပ်ရှားသူတွေက ထောက်ပြနေကြပါတယ်။ ဒါနဲ့ပတ်သက်လို့ ဦးသိန်းညွှန့် ပြောတာက-

"ဥပဒေကြောင်းဆိုင်ရာမှာ သူတို့က ၂ ပိုင်းရှိတယ်။ ခွင့်ပြုချက်နဲ့ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းဆိုရင် သူတို့ဘက်ကလည်းအကာအကွယ်ပေးမယ့်ဟာပါတယ်။ တခုပဲပေါ့ ကျနော်တို့က စုဝေးတဲ့ချိတက်တဲ့ အခါမှာ ခွင့်ပြုထားတဲ့ပုံစံမဟုတ်ရင်တော့မြို့နယ်ရဲမှူးကနေရုပ်သိမ်းကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးကိုတင်ပြပြီး ရုပ်သိမ်းမယ်။ ဒါပေမယ့် ကျနော်ဖြည့်လိုက်တဲ့အတွက် အဲဒီရုပ်သိမ်းမှုကိုဒီတိုင်းပဲ လက်လွတ်စပယ်နှုတ်နဲ့မရဘူး၊ ကျနော် ပြည်သူ့လွှတ်တော်မှာဖြည့်တာကတော့ စာအဖြစ်ရုပ်သိမ်းရမှာပေါ့။သို့သော် အမျိုးသားလွှတ်တော်က ပြန်ပြင်လိုက်တာကတော့ နှုတ်ဖြင့် ရုပ်သိမ်းပြီး ၂၄ နာရီအတွင်း စာဖြင့်ရုပ်သိမ်းရမယ်ပေါ့။ အဲဒီလိုပြင်တဲ့ဟာအပေါ်မှာတော့ ကျနော်လည်းဘယ်လိုဖြစ်ဖြစ်လေ၊ စာနဲ့ရရင် မတော်မတရားလုပ်လို့မရဘူး။ အာဏာအလွဲသုံးစားလုပ်လို့မရတော့ဘူး။ နှုတ်မိန့်ကို လွယ်လင့်တကူသုံးမှာကြောက်လို့ ကျနော် ဟန့်တားလိုက်တာပေါ့ "

နှစ်ပေါင်းများစွာအတွင်း ပြဋ္ဌာန်းနိုင်မယ့် ဥပဒေကြောင့် မြန်မာနိုင်ငံကပြည်သူတွေအနေနဲ့အတိုင်းအတာတခုအထိ ဆန္ဒထုတ်ဖော်ခွင့်ရလာတော့မှာဖြစ်ပါတယ်လို့ အမျိုးသားဒီမိုကရေစီအင်အားစု NDF ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်တဲ့ ဒေါက်တာမြတ်ဉာဏစိုးက ဆိုပါတယ်။

"ကျနော်တို့နိုင်ငံရဲ့သမိုင်းတလျှောက်မှာ အခုလိုမျိုး စီတန်းလှည့်လည်ခွင့်နဲ့ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းထားတာမျိုးမရှိပါဘူး။ အရင် ဖ.ဆ.ပ.လအစိုးရလက်ထက်မှာလည်းပြဋ္ဌာန်းခဲ့တာ၊ ပ.ထ.စအစိုးရလက် ထက်မှာလည်း ပြဋ္ဌာန်းခဲ့တာမရှိပါဘူး။ အခုမှသာ ဒီဟာက တရား ဝင်ရှိလာတယ်။ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်နဲ့စုဝေးခွင့် ဆန္ဒဖော်ထုတ်ခွင့်၊ ဥပဒေအရလည်း နိုင်ငံသားတွေက သူတို့ရဲ့လိုလားချက်တွေကိုလွတ်လပ်စွာထုတ်ဖော်ပြီးတော့ ပြောဆိုနိုင်မှာဖြစ်ပါတယ်"

ဒီတခါ လွှတ်တော်စည်းဝေးပွဲတွေကို ၂၅ ရက်နေ့မှာ အပြီးသတ် ဆွေးနွေးမှုတွေ လုပ်သွားမယ်လို့သိရပါတယ်။ လွှတ်တော်မနားခင်ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးဥပဒေကြမ်း၊ လယ်ယာမြေဥပဒေကြမ်းတွေကို အတည်ပြုသွားနိုင်ဖို့ အဓိကထား ဆွေးနွေးကြလိမ့်မယ်လို့ လွှတ်တော် ကိုယ်စားလှယ်တွေက ပြောပါတယ်ရှင်။

---

**စာမျက်နှာ ၇ မှ**

နိုင်ငံမှာ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုကို ကုလသမဂ္ဂက ဆက်လက်ထောက်ခံအားပေးသွားမှာဖြစ်သလိုအတွင်းရေး မှူးချုပ်အနေနဲ့လည်း အဆင်ပြေရင် မြန်မာနိုင်ငံကို သွားရောက်မှာဖြစ်ပါတယ်။"

တနင်္လာနေ့ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ မြန်မာနိုင်ငံဆိုင်ရာဆွေးနွေးဆုံးဖြတ်မှုဟာ တန်ဖိုးရှိတဲ့လုပ်ဆောင်မှုတွေဖြစ်ကြောင်း ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ကလည်း ပြောကြားလိုက်ပါတယ်။ ဒီဆုံးဖြတ်ချက်ကနေ မြန်မာနိုင်ငံရဲ့ တိုးတက်မှုလက္ခဏာတွေအတွက် အားပေးခဲ့သလို အထူးသဖြင့်တိုင်းရင်းသားဒေသတွေကလူ့အခွင့်အရေးချိုးဖောက်မှုတွေ အဆက်မပြတ်ဖြစ်နေတာတွေဟာ စိုးရိမ်စရာဆိုတာကို ထောက်ပြပြီး မြန်မာသမ္မတကတိပေးထားတဲ့တကယ့်ပြောင်းလဲမှုတွေလုပ်ဖို့ တိုက်တွန်းထားတာဟာ မြန်မာပြည်သူတွေကို နိုင်ငံတကာအသိုင်းအဝိုင်းကနေ မေ့မထားဘူးဆိုတာပြသနေတယ်လို့လည်း ပြောကြားခဲ့ပါတယ်။



# သတင်းတိုထွာဖတ်စရာ

## နောက်ပြန်လှည့်ဖို့မဖြစ်တော့ပါ

မြန်မာအစိုးရအနေနဲ့ နောက်ကြောင်းပြန်လှည့်စရာမလိုပဲ အပြောင်းအလဲကို ရှေ့ဆက်တိုးလုပ်ဆောင်သွားဖို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Marty Natalegawa က တိုက်တွန်းပြောဆိုလိုက်ပါတယ်။ လွန်ခဲ့တဲ့တပတ်က ကျင်းပပြီးစီးသွားတဲ့ ဘာလီအာဆီယံထိပ်သီးအစည်းအဝေးမှ မြန်မာအား အာဆီယံဥက္ကဌတာဝန်ပေးလိုက်ပြီးတဲ့နောက် အခုလို တိုက်တွန်းပြောဆိုလိုက်တာဖြစ်ပါတယ်။ (ABC Radio Australia Nov, 22-2011)

## ကချင်ကို ချောင်ပိတ်ရိုက်

အပစ်အခတ်ရပ်စဲရေး ချင်းတပ်နဲ့ အစိုးရတပ်ဆွေးနွေးကြမည်ဟုဆိုပါသည်။ တိုင်းရင်းသားတချို့တပ်တွေနဲ့အပစ်ရပ်ပြီး ကချင်လွတ်မြောက်ရေးတပ်ကို ဆက်လက်ထိုးစစ်ဆင်နေခြင်းသည် ကချင်တပ်တခုတည်းကို ချောင်ပိတ်ရိုက်သလိုဖြစ်စေကြောင်း ချင်းတပ်ဦး ပြောခွင့်ရကပြောဆိုပါသည်။

ချင်းတပ်၊ ကချင်တပ်နဲ့ ကရင်တပ်စတဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေနဲ့အတူ နိုင်ငံရေးတပ်ပေါင်းစုအဖြစ် ညီညွတ်သော တိုင်းရင်းသားများဖက်ဒရယ်ကောင်စီ UNFC ကိုဖွဲ့စည်းထားသည်။ (RFA Nov, 23-2011)

## တရုတ်အစိုးရကို သွယ်ဝိုက်သတိပေး

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီကလင်တန် မြန်မာနိုင်ငံကို မကြာခင်သွားပါမည်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အားထောက်ခံပေးရေးအဓိကဟုဆိုနိုင်ပါသည်၊ သမတဦးသိန်းစိန်အစိုးရရဲ့ အပြောင်းအလဲလုပ်ဆောင်မှုများကို ကြိုဆိုထောက်ခံပြီး၊ အပြောင်းအလဲများကို ဆက်လက်ချီတက်သွားရန် တွန်းအားပေးနိုင်ဖွယ်ရှိတယ်လို့ သုံးသပ်သူတွေကဆိုပါတယ်။ ဦးသိန်းစိန်အစိုးရအပေါ် တရုတ်အစိုးရရဲ့ ဩဇာကြီးစိုးလွှမ်းမိုးနေမှုကို ဟန့်တားသည့်ခရီးစဉ်လည်းဖြစ်နိုင်သည်ဟုဆိုသူလည်းရှိသည်။ (VOB Nov, 20-2011)

## ကိုရီးယား သင်္ဘောနစ်မြုပ်

သင်္ဘောသား ၁၄ ယောက်ပါဝင်တဲ့ တောင်ကိုရီးယားပိုင် သင်္ဘောတစီး တောင်တရုတ်ပင်လယ်မှာ ဒီကနေ့နစ်မြုပ်သွားပါတယ်။ တန်ချိန် ၁၅၀၀၀ ရှိတဲ့ Bright Ruby သင်္ဘောဟာ ဟောင်ကောင်ကျွန်းရဲ့ တောင်ဖက်မှာ ရာသီဥတုဆိုးဝါးလို့ မမျှော်လင့်ပဲ နစ်မြုပ်သွားတာဖြစ်ပါတယ်။ သင်္ဘောသား ၁၄ ယောက်မှာ မြန်မာနိုင်ငံသား ၄ ယောက်ပါဝင်ပြီး ပျောက်နေတဲ့ သင်္ဘောသားတွေကို ဟောင်ကောင်နဲ့ ဗီယက်နမ်ကမ်းခြေစောင့်တပ်များက ဝိုင်းဝန်းကူညီကယ်ဆယ်ရေးလုပ်နေတယ်လို့ဆိုပါတယ်။ (AP Nov, 21`-2011)

## ဥပဒေမဲ့ သတ်ဖြတ်မှုတွေ ချက်ခြင်းရပ်ပါ

မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေ တိုးတက်ဖြစ်ထွန်းနေပေမယ့် တိုင်းရင်းသားဒေသတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဥပဒေမဲ့သတ်ဖြတ်မှုတွေ ဆိုးဆိုးဝါးဝါးဖြစ်နေဆဲရှိကြောင်း လူ့အခွင့်အရေးအဖွဲ့တွေက ပြောဆိုပါတယ်။ အခုလိုစစ်ရာဝတ်မှုတွေကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton အနေနဲ့ မြန်မာနိုင်ငံရောက်တဲ့အခါ ထုတ်ဖော်ပြောဆိုပြီး မြန်မာအစိုးရကို ချက်ခြင်းရပ်ဆိုင်းဖို့တိုက်တွန်းသင့်တယ်လို့လည်း လူ့အခွင့်အရေးအဖွဲ့အစည်းတွေက အကြံပေးပြောဆိုပါတယ်။ (The Daily Yomiuri Nov, 24-2011)

## အကူအညီများ ပြန်ပေးမည်

၂၀၀၃ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ချလိုက်စဉ်ကတည်းက ရပ်ဆိုင်းခဲ့တဲ့ အထောက်အပံ့အကူအညီများကို ပြန်လည်ပေးသွားတော့မယ်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Koichiro Gemba က ပြောပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နောက်ပြန်မလှည့်တဲ့ အမှန်တကယ်တိုးတက်ပြောင်းလဲနေပြီးလို့ယူဆပြီး ရှေ့ဆက်လက်လုပ်ဆောင်သွားပါက ODA အကူအညီတွေ ပြန်ပေးဖို့ဂျပန်အစိုးရမှ တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းနေကြတယ်လို့လည်းသတင်းက ဆိုပါတယ်။ (Mainichi Daily News Nov, 22-2011)

## နေပြည်တော်မှာ ကျင်းပမယ်

အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပပြုလုပ်နေတဲ့ ၂၆ ကြိမ်မြောက် SEA Games ဟာ ပြီးဆုံးသွားပါပြီ။ ပိတ်ပွဲအခမ်းအနားမှာ အနုပညာရှင် ၆၀၀ ကျော်က ကပြသီဆိုဖျော်ဖြေခဲ့ကြတယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှ အနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေခဲ့ကြရတယ်လို့သိရပါတယ်။ ၂၇ ကြိမ်မြောက် SEA Games ကို မြန်မာနိုင်ငံ နေပြည်တော်မှာ ၂၀၁၃ ခုနှစ်မှကျင်းပမယ်ဖြစ်တဲ့အတွက် ပြိုင်ပွဲအလံကို မြန်မာအာကာဝန်ကြီး ဦးတင်ဆန်းမှ လွှဲပြောင်းလက်ခံရယူခဲ့တယ်လို့ဆိုပါတယ်။ (New Straits Times Nov, 22-2011)

## ဝန်ကြီးကလင်တန် ရန်ကုန်လာမည်

နှစ်ပေါင်းများစွာ ရက်စက်ကြမ်းကြုပ်တဲ့ စစ်အာဏာရှင်စနစ်မှ အရပ်သားအစိုးရလို့ဆိုတဲ့ သမတဦးသိန်းစိန်အစိုးပေါ်လာပြီး တနှစ်ခန့်အကြာမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton မြန်မာနိုင်ငံလာမယ်လို့ဆိုပါတယ်။ သမတ Barack Obama ဟာ မြန်မာနိုင်ငံအပြောင်းအလဲကို လိမ်မာပါးနပ်စွာတွန်းအားပေးလုပ်ဆောင်တဲ့အနေနဲ့ သူ့ရဲ့အဆင့်မြင့်ကိုယ်စားလှယ်အဖြစ် Clinton ကိုစေလွှတ်လိုက်တာဖြစ်နိုင်တယ်လို့ သုံးသပ်သူတွေက ယူဆကြပါတယ်။ (Bangkok Post Nov, 22-2011)

# အဖွဲ့ချုပ် မှတ်ပုံတင်ဖို့ဆုံးဖြတ်ချက်ကို ပြည်ပတိုင်းရင်းသားများကောင်စီထောက်ခံ

**VOA ၊ နိုဝင်ဘာ ၂၀ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တရားဝင်ပါတီအဖြစ် ပြန်မှတ်ပုံတင်ဖို့ ဆုံးဖြတ်လိုက်တဲ့အပေါ် ပြည်ပရောက် တိုင်းရင်းသားလူမျိုးများကောင်စီ ENC က ကြိုဆိုလိုက်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ လွှတ်တော်တွင်းဝင်ရောက်ပြီး လုပ်ပိုင်ခွင့်ရယူဆောင်ရွက်မှသာ တနိုင်ငံလုံးလိုလားတဲ့ ဒီမိုကရေစီရေး၊တိုင်းရင်းသားအရေးပြဿနာတွေကို ဖြေရှင်းနိုင်မယ်လို့ ယုံကြည်တဲ့အကြောင်း ENC ရဲ့ ဒုဥက္ကဋ္ဌဖြစ်သူ ဒေါက်တာဆ လိုင်းလျှံမုန်းက ပြောပါတယ်။ ဒေါက်တာလျှံမုန်းကို ကိုသားညွန့်ဦးက ဆက်သွယ်မေးမြန်းတဲ့အခါ ENC အနေနဲ့ နိုင်ငံရေးပြဿနာတွေကိုနိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်ဖို့ လိုလားတာကြောင့်ဖြစ်တယ်လို့ အခုလို ဖြေကြားသွားပါတယ်။

"ကျနော်တို့ တိုင်းရင်းသားလူမျိုးများကောင်စီအနေနဲ့ ပြည်ထောင်စုရဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ အမြဲတမ်းကြိုးစားနေပါတယ်။ အဲဒီအတွက်ကြောင့်ပဲ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလမှာ ဒေါ်အောင်ဆန်းစုကြည် လွတ်လာပြီးချင်း နောက်တစ်ရက်မှာပေါ့နော် ကျနော်တို့ တိုင်းရင်းသားလူမျိုးများ ကောင်စီကနေပြီးတော့ အလားတူ ကြေညာချက်တစ်ခုထုတ်ပြီးတော့ ကြိုဆိုခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စုပါမှ ကျနော်တို့ ပြည်ထောင်စုပြဿနာကို ဖြေရှင်းလို့ရမယ်ဆိုတာ ကျနော်တို့ ယုံကြည်ပါတယ်။"

ပြည်တွင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လိုပဲ ပြန်ပြီးမှတ်ပုံမတင်တဲ့ တိုင်းရင်းသားပါတီတွေရှိပါတယ်။ အထူးသဖြင့် SNLD (ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ရခိုင်တိုင်းရင်းသားပါတို့ပါ၊ UNA ရဲ့ သဘောထားထဲမှာတော့ UNA က ယတိပြတ်ထောက်ခံတယ်ဆိုတာတော့ ထွက်မလာသေးပါဘူး။ ဒါပေမဲ့ ကျနော်တို့ သိရသလောက်တော့ တချို့ခေါင်းဆောင်ပိုင်းက မကြိုက်တဲ့ သဘောလက္ခဏာတွေရပါတယ်။ အထူးသဖြင့် သူတို့ပါတီခေါင်းဆောင်တွေ၊ ဥပမာ ဦးခွန်ထွန်းဦးတို့ဆိုရင် ထောင်ထဲမှာပဲရှိပါသေးတယ်။ အဲဒီတော့ ENC ရဲ့သဘောထားနဲ့ အထဲမှာ တိုင်းရင်းသားပါတီတွေရဲ့သဘောကကော ဒီမှာ နည်းနည်း သဘောကွာဟနေတဲ့သဘော မရှိဘူးလား။ -

"ပြည်ထောင်စုရဲ့ ပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့အတွက်ဆိုရင် ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ နိုင်ငံရေးမှတ်ပုံတင်ပြီးတော့မှ လှုပ်ရှားတာပိုကောင်းတယ်လို့ ကျနော်တို့သုံးသပ်ပါတယ်။ ပြီးတော့ ပြည်ပမှာရောက်နေတဲ့ ကျနော်တို့ အဖွဲ့အစည်းတွေကလည်းပဲ အခုသမ္မတဦးသိန်းစိန် အစိုးရနဲ့ ကျနော်တို့တွေ ဆုံဆွေးနွေးတဲ့နည်းနဲ့ အဖြေရှာဖို့လိုတယ်ဆိုပြီးတော့ ကျနော်တို့သုံးသပ်ပါတယ်။"

အခုအနေအထားကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာအာဏာပိုင်တွေနဲ့ မကြာခဏတွေ့ဆုံတာတွေတော့ရှိပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားတွေ၊ ဒီမိုကရေစီအင်အားစုတွေ တောက်လျှောက်တောင်းဆိုလာတဲ့သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်လို့ဘယ်လောက်ထိ မျှော်လင့်စရာရှိသေးလဲခင်ဗျာ။ -

"သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲလို့ကျနော်တို့ပြောတဲ့အခါမှာလူအတော်များများက နားလည်မှုလွဲပါတယ်။ ဟိုတုန်းက ပင်လုံညီလာခံကဲ့သို့ ညီလာခံကြီးကိုခေါ်ပြီးတော့ အဲဒီမှာ အဖွဲ့သုံးဖွဲ့လာတွေ့ဆုံဆွေးနွေးမယ်ဆိုတဲ့ပုံစံမျိုးမြင်ယောင်ပြီးတော့ လူတွေကအမျိုးမျိုးစိတ်ကူးယဉ်နေတာဖြစ်တယ်။ ကျနော်တို့ပြောနေတဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဆိုတာ ကျနော်တို့ပြည်ထောင်စုရဲ့ အဓိက ပြဿနာသုံးရပ်ကို ဖြေရှင်းဖို့ပဲဖြစ်ပါတယ်။ စောစောက ကျနော်ပြောတဲ့တိုင်းရင်းသားပြဿနာ၊ ဒုတိယက စောစောကကျနော်ပြောတဲ့ ဒီမိုကရေစီပြဿနာ၊ နောက် တတိယပြဿနာတစ်ခုက စစ်အာဏာရှင်ပြဿနာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် သုံးပွင့်ဆိုင်လို့ ကျနော်တို့ ပြောနေတဲ့ ပြည်ထောင်စုပြဿနာ သုံးရပ်ဖြေရှင်းဖို့ဆိုတာ လုံးဝကိုလိုအပ်ပါတယ်။ ကျနော်တို့ မရမနေကြိုးစားပြီးတော့ ကျနော်တို့ ဖြေရှင်းဖို့လိုအပ်ပါတယ်လို့ဆိုပြီးတော့ ကျနော် ပြောချင်ပါတယ်။"

အခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှတ်ပုံတင်တဲ့ကိစ္စပေါ့နော်၊ အခုလက်ရှိအားဖြင့်တော့ တိုင်းရင်းသားခေါင်းဆောင်တွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ထောင်တွေထဲမှာရှိပါသေးတယ်။ တချို့နေရာတွေမှာဆိုရင်လည်း တိုင်းရင်းသားဒေသတွေမှာ တိုက်ပွဲတွေဖြစ်နေတယ်၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေတယ်။ ဒီလိုအခြေအနေအောက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မှတ်ပုံတင်တာ စောတယ်ဆိုပြီးတော့ ဝေဖန်သံတွေ ကျနော်တို့လည်းကြားထားပါတယ်။ အဲဒီတော့ ENC ရဲ့အမြင်ကရော ဘယ်လိုရှိပါ သလဲခင်ဗျာ။ -

"NLD အနေနဲ့ ခွင်ထဲကိုဝင်ပြီးတော့ စင်မြင့်ပေါ်တက်ပြီးတော့ ဒိုင်လုပ်တဲ့ပွဲထဲမှာ ဝင်သင့်တယ်လို့ ကျနော်တို့မြင်မိပါတယ်။ အခုကျနော်တို့ ပြည်ထောင်စုရဲ့ နိုင်ငံရေးစင် ဒိုင်လုပ်ရမယ့်စင်က လွှတ်တော်ဖြစ်နေပါတယ်။ အပြင်မှာရှိနေပြီး အော်နေတာထက် အထဲက နေပြီးတော့မှ NLD အနေနဲ့ဝင်ပြီးတော့ အခုနကျနော်တို့ ပြောနေတဲ့ ဒီမိုကရေစီပြဿနာ၊ တိုင်းရင်းသားပြဿနာ၊ အခုတိုက်ပွဲတွေဖြစ်နေတဲ့အစိုးရထဲမှာသော်လည်းကောင်း၊ တပ်မတော်ထဲမှာသော်လည်းကောင်း hardliner တွေ အများကြီးရှိနေတယ်။ ဆိုတော့ ဒီလူတွေကို ကျနော်တို့ counter လုပ်ဖို့က အပြင်ကနေ အော်နေတာထက်စာရင် NLD အနေနဲ့လွှတ်တော်ထဲမှာ လွှတ်တော်ကနေပြီးတော့ ဝင်ကစားရင် ပိုပြီးတော့ ကောင်းမယ်လို့ ကျနော်တို့ သုံးသပ်မိပါတယ်။

"ကျနော်တို့ ညီနောင်တိုင်းရင်းသား ပါတီတွေပေါ့နော်၊ UNLD၊ UNA မှာလည်း ကျနော်အတွင်းရေးမှူးလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ အဲဒီအတွက်ကြောင့် ကျနော့်ရဲ့ ပါတီဟောင်းဖြစ်တဲ့ UNLD အဖွဲ့ဝင်အားလုံးကလည်းပဲ ပြန်လည်မှတ်ပုံတင်ပြီးတော့မှ တဖြည်းဖြည်းနဲ့ ရှေ့ရင်းမြန်မြန်သွားနိုင်ဖို့ပဲ ကျနော်တို့ အားလုံး ကြိုးစားကြရအောင်လို့ ကျနော်တိုက်တွန်းချင်ပါတယ်။"

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

**ပြကွဒိန်မှ**

**နိုဝင်ဘာ ၂၂၊** WSJ ။ ။ သူပုန်များနှင့်ဆွေးနွေးမှုသည် ကြိမ်ဖန်များစွာမအောင်မြင်ခဲ့ရကား၊ ယခုတကြိမ် အောင်မြင်မည်နိုင်မည်လောဟု Burma Partner ship မှ ဒေါ်ခင်ဥမ္မာစသည့် လေ့လာသူများမှသုံးသပ်၏။

**နိုဝင်ဘာ ၂၂၊** New Kerala ။ ။ အိန္ဒိယမှသူပုန်အချို့သည် မြန်မာပြည်တွင် ပုန်းခိုနေပြီး မြန်မာအစိုးရမှ သူတို့အားမောင်းထုတ်နေကြောင်း အိန္ဒိယပါလီမန်မှဆို၏။

**နိုဝင်ဘာ ၂၂၊** Georgia Straight, USA ။ ။ မြန်မာစစ်တပ်သည် ယုံကြည်စိတ်ချလောက်သလားဟု Gwynne Dyer မှ သတင်းသုံးသပ်၏။ ဒေါ်အောင်ဆန်းစုကြည် ရင်းဆိုင်နေရသော ပြဿနာများကိုသုံးသပ်ထား၏။

**နိုဝင်ဘာ ၂၂၊** Bloomberg ။ ။ မြန်မာအစိုးရ၏ခြေလှမ်းများကို ဒေါ်အောင်ဆန်းစုကြည်မှ ယုံကြည်ကာ နိုင်ငံရေးလောကသို့ပြန်ဝင်လာသော်လည်း မြန်မာ၏ ဒီမိုကရေစီမကျသောအစိုးရ၏လုပ်ရပ်များသည် ကမ္ဘာ့ဇာတ်ခုံတွင် သူ့အား ဆက်ဆံပုံပြောင်းလဲရန် အချက်တခုမှ မပါဝင်သေးကြောင်း။

**နိုဝင်ဘာ ၂၃၊** WTN, AFP ။ ။ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားပြဿနာများကို အလေးထားမည့် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ဟီလာရီကလင်တန်၏ မြန်မာခရီးစဉ်တွင် မြန်မာအပေါ် ကုန်သွယ်စီးပွားလက်နက် ဖိတ်ပင်မှုများ ရပ်တန့်ရန် အချိန်မကျသေးဟု အမေရိကန်ထိပ်တန်းအရာရှိတဦးမှဆို၏။

**နိုဝင်ဘာ ၂၃၊** AFP ။ ။ မြန်မာအစိုးရကိုယ်စားလှယ်များသည် စနေနေ့ ကနဦးအကြိုအစည်းအဝေးတွင် ကချင်၊ ကရင်နှင့်ရှမ်းအဖွဲ့များအပါအဝင် တိုင်းရင်းအဖွဲ့များနှင့်ဆွေးနွေးခဲ့၏။

**နိုဝင်ဘာ ၂၃၊** Fox News ။ ။ မြန်မာခရီးစဉ်တွင် တိုင်းရင်းသားပြဿနာများ ပြည်တွင်းစစ်နှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို အလေးထားမည်ဟု အမေရိကန်နိုင်ငံခြားရေးတာဝန်ခံကလင်တန်မှဆို၏။

**နိုဝင်ဘာ ၂၃၊** Asian Correspondent ။ ။ မြန်မာသည် တိုင်းရင်းစစ်များဆက်လက်ဆင်နွှဲမည်လော၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်မည်လောဟု စာရေးဆရာဇင်လင်းမှသတင်းဝေဖန်၏။ လွန်ခဲ့သည့်ရက်ပိုင်းက Mai Ja Yang နှင့် Mai Ya Yang မြို့များတဝိုက် အဝါရောင်မိုးရည်များရွာသွန်းခဲ့ကြောင်း။

**နိုဝင်ဘာ ၂၃၊** News Straits Times ။ ။ မြန်မာရေးရာတွင် လောလောဆယ် မေးခွန်းသိပ်မထုတ်ခြင်းသည် လူးလိမ့်နေသော ပြည်သူများအတွက် ပိုမိုအကျိုးရှိနိုင်ကြောင်း Kamrul Idris မှ သတင်းသုံးသပ်၏။

**နိုဝင်ဘာ ၂၃၊** West Australian ။ ။ မြန်မာ၊ အစ္စရေး၊ လစ်ဗျား၊ စီးရီးယားတို့ ထိပ်ဆုံးမှပါပြီး၊ ကမ္ဘာတလွှား ၂၀၁၁ တွင် မြေမြှုပ်မိုင်းဗုံး antipersonnel mine ထောင်ခြင်းသည် ခုနစ်အတွင်းအများဆုံးဟု အပြည်ပြည်ဆိုင်ရာ မြေမြှုပ်ဗုံးပပျောက်ရေးလှုပ်ရှားမှုအဖွဲ့ ICBL မှဆို၏။

**နိုဝင်ဘာ ၂၃၊** Peninsular ။ ။ မြန်မာတွင် စနစ်တကျ လူ့ခွင့်အရေးဖေါက်ဖျက်မှုများအပေါ် ကြီးမားသော စိုးရိမ်ပူပန်မှုများရှိသေးကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံ တတိယကော်မတီမှဆို၏။

**နိုဝင်ဘာ ၂၃၊** Hindustan Times ။ ။ မြန်မာအား အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာပေးရန် ဆုံးဖြတ်ချက်သည် မြန်မာ၏ လုပ်ဆောင်မှုများအတွက် မှန်ကန်သော ဆုလာဒ်ဖြစ်၏။

**နိုဝင်ဘာ ၂၃၊** Irrawaddy ။ ။ လန်ဒန်အခြေစိုက် ဓါတ်ပုံသတင်းထောက် James Mackay ၏ စာမျက်နှာ ၂၂၄ ရှိ မြန်မာများ၏ ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း) ရုပ်ပုံစာအုပ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားများနှင့် လူ့အခွင့်အရေးဖေါက်ဖျက်မှုများကို သတိပေးကြောင်း။

**နိုဝင်ဘာ ၂၃၊** Mizzima ။ ။ ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်တို့ပင်မလွတ်သေးကြောင်းနှင့် မွန်အမျိုးသား ဒီမိုကရက်တစ်ပါတီသည် ကလင်တန် မြန်မာခရီးစဉ်အထိ ပါတီပြန်လည်မှတ်ပုံတင် မတင် စောင့်မည်ဟုဆို၏။

**နိုဝင်ဘာ ၂၃၊** Mizzima ။ ။ ကလေးမှမြောင်းမြထောင်သို့ အပြောင်းခံထားရသော နိုင်ငံရေးအကျဉ်းကျ အရှင်ဂမ္ဘီရသည် ဦးဏှောက်ရောဂါရှိကြောင်း ထောင်ဆရာဝန်မှဆို၏။

**နိုဝင်ဘာ ၂၃၊** DVB ။ ။ ဗွီဒီယိုသတင်းထောက် ကိုဝင်းမော် (တေးရေး၊ တေးဆို) သည် ယခုနှစ်အတွက် အကျဉ်းကျသတင်းထောက်များအတွက် လွတ်လပ်စွာတည်ထွင်မှုဆု ကိုချီးမြှင့်ခဲ့၏။

**နိုဝင်ဘာ ၂၃၊** RFA ။ ။ ပါတီပြန်လည်မှတ်ပုံတင်ကာ ပြန်လည်အရွေးခံမည့်အဖွဲ့ချုပ်၏ဆုံးဖြတ်ချက်အား ဒီမိုကရေစီမဟာမိတ်ပါတီများအဖွဲ့ဆယ်ဖွဲ့မှကြို ဆို၏။

**နိုဝင်ဘာ ၂၃၊** Sydney Morning Herald ။ ။ မြန်မာသည် အပြည်ပြည်ဆိုင်ရာ အပယ်ခံအခြေအနေမှ လွတ်မြောက်ရန် လက်နက်ကိုင်သူပုန်အဖွဲ့ကြီးများနှင့် လျှို့ဝှက်ဆွေးနွေးနေကာ တရားဝင်မဟုတ်သေးသည့် အပစ်အခတ်ရပ်စဲရေးအခြေအနေဟု ယူဆရကြောင်း Lindsay Murdoch မှ သုံးသပ်၏။

**နိုဝင်ဘာ ၂၄၊** RFA ။ ။ ၂၅ နှစ်ကြာလျှင် မြန်မာသည် အာဆီယံထိပ်သီးတနိုင်ငံဖြစ်လာမည်ဟု သမ္မတ၏အကြံပေး ဦးနေဇင်လတ်မှ RFA သို့ဆို၏။

**နိုဝင်ဘာ ၂၄၊** NHK ။ ။ မြန်မာသို့ တရားဝင်တိုးတက်မှုအကူအညီပေးရေးကို ရှေ့အပတ်တွင် ဂျပန်နှင့် မြန်မာဆွေးနွေးမည်။

**နိုဝင်ဘာ ၂၅၊** RFA ။ ။ အစိုးသစ်နှင့်ပူးပေါင်းဆောင်ရွက်ရခြင်းသည် လောင်းကစားသလိုဖြစ်နေပါသလားဟု သောတရှင်မေးခွန်းကို ဒေါ်အောင်ဆန်းစုကြည်မှ လောင်းကစားသလို မဖြစ်ပါဟုဖြေကြားခဲ့၏။

**နိုဝင်ဘာ ၂၅၊** VOA ။ ။ ကြားဖြတ်ရွေးကောက်ပွဲ ယခုနှစ်အတွင်းမဖြစ်နိုင်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းမှဆို၏။

**နိုဝင်ဘာ ၂၅၊** VOA ။ ။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ရေးဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုသဖြင့် သမ္မတလက်မှတ်ရေးထိုးရန်သာလိုတော့ကြောင်း။

**နိုဝင်ဘာ ၂၆၊** RFA ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးသန်းစိန် ထပ်မံတွေ့ဆုံရန် စာရေးဆရာ အဲန်အဲလ်ဒီ ဦးလှစိန်မှ တောင်းဆို၏

**နိုဝင်ဘာ ၂၆၊** VOA ။ ။ ကချင်စစ်ပြေးဒုက္ခသည်များအား စာပေအနုပညာသမားများမှ စာနာမှုအကူအညီများပေး၏။

**နိုဝင်ဘာ ၂၆၊** BBC ။ ။ ကေအိုင်အေနှင့် မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့ ရွှေလီတွင် နိုဝင်ဘာ ၂၉ ခန့်တွင် တွေ့ဖွယ်ရှိကြောင်း ကေအိုင်အေ ဒုစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွန်မော်မှ ဘီဘီစီသို့ဆို၏။

**နိုဝင်ဘာ ၂၆၊** BBC ။ ။ ၁၉၉၀ ခုနှစ် လွှတ်တော်အမတ်များ ပြည်တွင်းလွှတ်တော်နိုင်ငံရေးထဲရောက်လာလျှင်တောင်မှ ပြည်ပရောက်မြန်မာနိုင်ငံရေးလှုပ်ရှားသည့်အဖွဲ့များသည် သူတို့အား အားဖြည့်ပေးသည့်တာဝန်ရှိသေးကြောင်း ဒေါက်တာတင့်ဆွေ (NCGUB) မှဆို၏။

**နိုဝင်ဘာ ၂၆၊** BBC ။ ။ ကချင်ပြည်နယ်တွင်း အထူးသဖြင့် မိုးမောက်နှင့်ဗိုင်းမော်မြို့နယ်များတွင် ကေအိုင်အေနှင့်မြန်မာတပ် တိုက်ပွဲများ ပိုက်စိတ်တိုက်လာပြီး ပိုမိုပြင်းထန်လာနေကြောင်း။

# ဖဲကြိုးဖြူနေ့ အထိမ်းအမှတ် တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ကျင်းပပြုလုပ်

**DVB ၊ နိုဝင်ဘာ ၂၅ ။** ။ ဒီကနေ့ကျရောက်တဲ့ ဖဲကြိုးဖြူနေ့ ခေါ် နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ်ကို ရန်ကုန်အပါအဝင် ကချင်၊ ကယား၊ မွန်နဲ့ ဧရာဝတီတိုင်းတွေမှာ ပြုလုပ်ကြပါတယ်။

နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အထိမ်းအမှတ်အနေနဲ့ မြန်မာပြည်တွင်းကအမျိုးသမီးတွေကပိုစတာဖြန့်ဝေတာအပြင် ဆုတောင်းပွဲနဲ့စကားဝိုင်းတွေပြုလုပ်ခဲ့ကြတာပါ။

ရန်ကုန်တိုင်းအတွင်းရှိ မင်္ဂလာဒုံ၊ သန်လျင်နဲ့ အင်းစိန်မြို့နယ်က အမျိုးသမီးတွေက ဒီလှုပ်ရှားမှု လုပ်ဆောင်ခဲ့တာပါတယ်။ မင်္ဂလာဒုံမြို့မှာ အမျိုးသမီးတွေက လူစည်ကားရာနေရာတွေမှာ ငြိမ်းချမ်းရေးတည်ဆောက်ကြပါစို့ ဆိုတဲ့ပိုစတာနဲ့ နိုင်ငံရေးအကျဉ်းသားလွတ်ရေး စတစ်ကာတွေ လိုက်လံဖြန့်ဝေခဲ့တယ်လို့ ဖြန့်ဝေသူတဦးဖြစ်တဲ့ မချိုချိုက ပြောပါတယ်။

"ပို့စ်ကတ်ဆိုတာ တခုက ၂၁ ပင်လုံပေါ့နော်။ ငြိမ်းချမ်းရေးတည်ဆောက်ကြပါစို့ ဆိုတာလေ။ တိုင်းရင်းသားတွေ လက်တွဲထားတဲ့ပုံ ဝေတယ်။ နောက်တခုက နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးမှသည် ပြည်သူတရပ်လုံး လွတ်မြောက်ရေးဆီသို့ ဆိုတဲ့ စတစ်ကာတွေ ကပ်တယ်။ ကျမတို့ လူစည်ကားတဲ့နေရာနဲ့ အဓိကက ကျောင်းတွေကို ဦးစားပေးပြီးတော့ ဝေတာလေ။ သင်တန်းနေရာတွေဦးစားပေးပြီး ဝေဖြစ်တယ်။ ကျမတို့ ဖဲကြိုးဖြူတွေပါ ဝေတာပေါ့နော်။"

ဒီမနက် ၇ နာရီလောက်မှာ ပိုစတာနဲ့ စတစ်ကာတွေကို လိုက်လံဖြန့်ဝေပြီး ၉ နာရီကနေ ၅ နာရီအထိ အမျိုးသမီးအကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ စကားဝိုင်းတွေပြုလုပ်ခဲ့ကြပါတယ်။

မင်္ဂလာဒုံမြို့နယ်မှာပြုလုပ်တဲ့ ဆွေးနွေးပွဲတွေမှာ စစ်သားတွေရဲ့ ဇနီးသည်တွေလည်း ပါဝင်ဆွေးနွေးကြတယ်လို့မချိုချိုကပြောပါတယ်။ သန်လျင်မြို့နယ်မှာလည်း ပိုစတာနဲ့ ဖဲကြိုးဖြူ ဖြန့်ဝေကာစကားဝိုင်းတွေ ပြုလုပ်ခဲ့ကြတယ်လို့ ဦးဆောင်လှုပ်ရှားသူ မဝင်းဝင်းမူက ပြောပါတယ်။

"စကားဝိုင်းမှာ ဆွေးနွေးတဲ့ခေါင်းစဉ်ကတော့ လက်ရှိဖြစ်နေတဲ့ စစ်ပွဲတွေအတွင်းမှာ အမျိုးသမီးတွေ အကြမ်းဖက်ခံနေရခြင်းကို နေရာဒေသအသီးသီးမှာ ထုတ်ဖော်ပြောကြားလာစေခြင်းနဲ့ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးချုပ်နှောင်ခံထားရတဲ့ အမျိုးသမီးအားလုံးကို အမြန်ဆုံးလွတ်မြောက်လာစေဖို့ တောင်းဆိုလှုပ်ရှားမှုအနေနဲ့ လုပ်တာပါ။

"ပြည်သူလူထုတွေ ငြိမ်းချမ်းဖို့ဆိုတာက ပြည်သူလူထုထဲမှာလည်း အမျိုးသမီးတွေက အများစုဖြစ်တယ်လေ။ စစ်ဖြစ်နေတဲ့ ဒေသအတွင်းက အိုးအိမ်စွန့်ခွာတိမ်းရှောင်နေရတဲ့ အမျိုးသမီးတွေရဲ့ဘဝ။ နောက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ဆိုးဆိုးရွားရွားခံနေရတဲ့ တိုင်းရင်းသူ အမျိုးသမီးတွေ၊ နောက် မြန်မာပြည်တွင်းထဲမှာ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ ပညာသင်ခွင့်၊ ဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုတွေမရရှိတဲ့ အမျိုးသမီးတွေအားလုံး အဆင်ပြေသွားစေဖို့ ငြိမ်းချမ်းသွားစေဖို့အတွက် ဖဲကြိုးဖြူတွေ ကျမတို့ ဝေငှပြီးတော့ ဆုတောင်းပွဲလည်း လုပ်ကြတာပါ။"

အလားတူ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်မှာလည်း အလားတူ လှုပ်ရှားဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

ဖဲကြိုးဖြူနေ့အထိမ်းအမှတ် လှုပ်ရှားမှုတွေကို အရင်နှစ် တွေကလည်း မြန်မာပြည်တွင်းမှာ ပြုလုပ်ခဲ့ပေမယ့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်းမရှိပါဘူး။ ဒီနှစ်မှာတော့ ပိုပြီးလွတ်လပ်ပေါ်လွင်အောင် လှုပ်ရှားလို့ရတယ်လို့ အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူတွေက ဆိုပါတယ်။

---

# နိုင်ငံရေးဆွေးနွေးဖို့ ကေအိုင်အိုလိုလား

**RFA ၊ နိုဝင်ဘာ ၂၂ ။** ။ နိုင်ငံရေးဆွေးနွေးမှုမျိုး အစိုးရဘက်က ကမ်းလှမ်းလာရင် ကေအိုင်အို ကချင်အမျိုးသား လွတ်မြောက်ရေးအဖွဲ့အနေနဲ့ လက်ခံတွေ့ဆုံဆွေးနွေးမယ်လို့ ကေအိုင်အို ပြောရေးဆိုခွင့်ရှိသူ ဦးလာနန်းက ဒီကနေ့ ပြောလိုက်ပါတယ်။

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန်အတွက် KIA ဒု-စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်ဂွမ်မော် ဦးဆောင်သောအဖွဲ့က ၂၀၁၁ ခုနှစ် ဖွန်လ ၃၀ ရက်နေ့တွင် ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင် အား ဗန်းမော်ခရိုင်၊ ဒေါ့ဖုန်းယန်မြို့နယ်ခွဲလဂျားယန်ရွာတွင် တွေ့ဆုံခဲ့ပါတယ်။

နိုင်ငံရေးဆွေးနွေးမှုလုပ်ရင်အပစ်ခတ်ရပ်စဲရေးဟာအလိုလိုဖြစ်သွားနိုင်ကြောင်းကိုလည်း ထည့်သွင်းပြောသွားပါတယ်။ တိုင်းရင်းသား အဖွဲ့တွေဖြစ်တဲ့ SSA ရှမ်းပြည်တပ်မတော်တောင်ပိုင်းနဲ့ ကေအင်ယူ ကရင်အမျိုးသားအစည်းအရုံး၊ ကေအင်ပီပီ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီအဖွဲ့တွေနဲ့ မြန်မာအစိုးရ ငြိမ်းချမ်းရေးဖော် ဆောင်ရေးကိုယ်စားလှယ်အဖွဲ့ဝင်တွေ ပြီးခဲ့တဲ့နိုဝင်ဘာ ၁၉ ရက်က ထိုင်း မြန်မာနယ်စပ်တစ်နေရာမှာ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့သိရပါတယ်။

အလားတူ အဲဒီနေ့မှာပဲ ကေအိုင်အို ကိုယ်စားလှယ်တွေနဲ့မြန်မာအစိုးရကိုယ်စားလှယ်တွေ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ ဦးလာနန်းက အတည်ပြုပြောပါတယ်။ ဒါပေမဲ့ နှစ်ဘက် ဘာတွေဆွေးနွေးသလဲဆိုတာ မသိရသေးကြောင်းလည်းပြောပါတယ်။

ကေအိုင်အိုနဲ့အစိုးရအကြား တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားခဲ့တာဟာ အရင်စစ်အစိုးရလက်ထက်က ကေအိုင်အိုကို နယ်ခြားစောင့်တပ်အသွင် ပြောင်းဖို့ဖိအားပေးခဲ့တာကို ကေအိုင်အိုဘက်က လက်မခံနိုင်လို့ အခုလိုစစ်ရေးအရ အပြန်အလှန်တိုက်ခိုက်တဲ့အထိ ဖြစ်ခဲ့ရကြောင်း ဦးလာနန်းက ပြောပါတယ်။

ကေအိုင်အိုခေါင်းဆောင်တွေနဲ့နအဖဗိုလ်မှူးကြီးသန်းအောင်ဦးဆောင်တဲ့ ကချင်ပြည်နယ်အစိုးရ ကိုယ်စားလှယ်အဖွဲ့ဟာ အပစ်ခတ်ရပ်စဲရေးအတွက် ဩဂုတ်လ ၂ ရက်က နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့ပေမဲ့ နောက်ပိုင်းမှာ တွေ့ဆုံမှုတွေ ပျက်ပြားသွားခဲ့ပါတယ်။

# မွန်နှင့် ကရင်ပြည်နယ်အတွင်း ရာဘာဈေးနှုန်းတွေကျဆင်း

**KIC ၊ နိုဝင်ဘာ ၂၃ ။** ။ ရာဘာကို အဓိက စီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသများတွင် ယခုရက်ပိုင်းအတွင်း ရာဘာဈေးများ ကျဆင်းနေသည်ဟု ရောင်းဝယ်သူများက ပြောဆိုနေကြသည်။

"အခုရက်ပိုင်းရာဘာဈေးပြန်ကျသွားတယ်။ကျနော်တို့ကတော့ ဝယ်တုန်းပဲ။ ရောင်းတဲ့လူတွေကပဲ ဈေးမကောင်းလို့ သူတို့ မရောင်းချင်ကြတာ။ လှောင်ထားကြတာပေါ့။ ဈေးက မငြိမ်ဘူးဖြစ်နေတယ်။ ဒီထက်ကျရင်လည်း ကျအုံးမယ်။"ဟုမုဒုံမြို့ပေါ်ရှိရာဘာရောင်းဝယ်နေသူတစ်ဦးက ပြောသည်။

ရာဘာကို အပါးနှင့် အထုပ်ဟူ၍ နှစ်မျိုးနှစ်စား ထုတ်လုပ်ရာ ယခင်က ရာဘာအရည်အသွေး အကောင်းဆုံးဟု သတ်မှတ်သည့်အပါးတစ်ပေါင်လျှင် ၁,၃၀၀ကျပ် ဈေးအနည်းဆုံးရှိနေရာမှ ယခုဆိုလျှင်တစ်ပေါင် ၁,၀၀၀ကျပ်အထိ ကျဆင်းသွားသည်။

ထို့အပြင် ရာဘာအထုပ်ဈေးနှုန်းမှာလည်းယခင်တစ်ပေါင်၁,၀၀၀ကျပ်ဈေးမှ ၇၀၀ကျပ်ကို ကျဆင်းသွားခြင်း ဖြစ်သည်။ရာဘာဈေးကျရခြင်း၏ အဓိကအကြောင်းရင်းကို မသိရှိရသော်လည်း တနေရာနှင့် တနေရာ ရာဘာအရောင်းအဝယ် ပြုလုပ်သူများအပေါ်မူတည်ပြီး ဈေးနှုန်းကွာဟမှုရှိနေသည့်အတွက် အတိအကျပြောဆိုရန် ခက်ခဲကြောင်း အဆိုပါ ရာဘာကုန်သည်က ပြောသည်။

အလားတူ ရာဘာစိုက်ပျိုးမှုများသည့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ဘက်တွင်လည်း ရာဘာဈေး ကျဆင်းသွားကြောင်းငုံးမြို့နယ်အတွင်း အရောင်းအဝယ်လုပ်နေသူတဦးက ပြောသည်။

သူမက "ဒီဘက်မှာ အထုပ်ပဲလုပ်ကြတာများတယ်။ ကျမတို့က ဒီကထွက်တဲ့ရာဘာကို လိုက်ဝယ်ပြီးတော့ မုဒုံအဝယ်ဒိုင်တွေမှာသွားသွင်းတယ်၊ အခုတလောက ဈေးကမငြိမ်ဘူးဖြစ်နေတယ်၊ ဈေးကျတော့ ခြံရှင်တွေက မရောင်းချင်ကြဘူး။"ဟု ကေအိုင်စီသို့ပြောသည်။

ယခုလို ရာဘာဈေးမကောင်းသည့်အချိန်တွင် ရာဘာခြံပိုင်ရှင်အများစုက မိမိတို့၏ရာဘာကို ရောင်းထုတ်ခြင်း မပြုကြဘဲ ဈေးကောင်းပြန်ရသည့်အချိန်ထိ သိုလှောင်ထားကြလေ့ရှိသည်။

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ရာဘာခြံပိုင်ရှင်ဦးကျော်က "ရာဘာဈေးမကောင်းတော့ ကျနော်တို့မရောင်းဘူး။ ထားထားအုံးမယ်။ဈေးပြန်ကောင်းလာတော့မှ ရောင်းမယ်၊ ဝယ်တဲ့လူတွေကတော့ လိုက်ဝယ်နေကြတာပဲလေ။"ဟု ဆိုသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်များမှ ထွက်ရှိသည့် ရာဘာများကို သက်ဆိုင်ရာဒေသရှိရာဘာအဝယ်ဒိုင်များမှတဆင့် ရန်ကုန်နှင့်မန္တလေးမြို့ရှိ အဝယ်ဒိုင်ကြီးများထံသို့ တင်ပို့ရောင်းချကြသည်။ မွန်ပြည်နယ်သည်တနိုင်ငံလုံးရှိ ရာဘာစိုက်ပျိုးမြေ ဧက၏ ၃၇.၆ ရာခိုင်နှုန်းဖြင့်ရာဘာအများဆုံးစိုက်ပျိုးသည့်ပြည်နယ်ဖြစ်သည်။ ၁၉၈၈ ခုနှစ်မှစ၍ ၂၂ နှစ်တာကာလအတွင်း ထိုဒေသတွင်ရာဘာစိုက်ပျိုးမြေဧက ၅ ဆကျော်တိုးလာကြောင်း မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားသည်။

မြန်မာပြည်မှ ထွက်ရှိသည့်ရာဘာကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေပြီး စင်ကာပူနှင့်ဂျပန်နိုင်ငံသို့လည်း တင်ပို့နေသည်။ သို့သော် ယခုနှစ်တွင် ပြည်ပသို့ ရာဘာတင်ပို့မှုနှုန်းမှာလည်း ကျဆင်းလျှက်ရှိကြောင်း ကုန်သည်များ၏ ပြောပြချက်များအရ သိရသည်။

# လွတ်လပ်စွာအနုပညာဖန်တီးခွင့် အကျဉ်းကျ အနုပညာရှင်ဆု ကိုဝင်းမော်ချီးမြှင့်ခံရ

**RFA ၊ နိုဝင်ဘာ ၂၂ ။** ။ တောင်အာဖရိကနိုင်ငံ Freedom to Create အမည်ရှိ လွတ်လပ်စွာ အနုပညာ ဖန်တီးခွင့် အဖွဲ့က ချီးမြှင့်တဲ့ ၂၀၁၁ ခုနှစ် အတွက် Imprisoned Artist Prize အကျဉ်းကျ အနုပညာရှင်ဆုကို တောင်ငူထောင်မှာ ထောင်ဒဏ် ၁၇ နှစ် ကျခံနေရတဲ့ ရွှေသံစဉ် တီးဝိုင်း ခေါင်းဆောင် ကိုဝင်းမော်ကို ချီးမြှင့်လိုက်ပါတယ်။

Freedom to Create အမည်ရှိ လွတ်လပ်စွာ အနုပညာ ဖန်တီးခွင့်အဖွဲ့က ချီးမြှင့်တဲ့ ၂၀၁၁ ခုနှစ်အတွက် Imprisoned Artist Prize အကျဉ်းကျ အနုပညာရှင်ဆုကို ထောင်ဒဏ် ၁၇ နှစ် ကျခံနေရတဲ့ရွှေသံစဉ် တီးဝိုင်းခေါင်းဆောင်ကိုဝင်းမော်ကို ချီးမြှင့်လိုက်ကြောင်း အဖွဲ့၏ အင်တာနက် စာမျက်နှာတွင် ဖော်ပြထားပါတယ်။

အလားတူပဲ Freedom to Create Leadership Award ဆုကို ဒီအဖွဲ့က ထိုင်း-မြန်မာနယ်စပ် အခြေစိုက် ဒေါက်တာစင်သီယာမောင်ကို အရင်ရက်က ချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။ ကိုဝင်းမော်ဟာ ရွှေသံစဉ်တီးဝိုင်းခေါင်းဆောင်ဖြစ်ပြီး သူဟာ Burma VJ လို့ အမည်ပေးထားတဲ့ ၂၀၀၇ ရွှေဝါရောင် သံဃာ့လှုပ်ရှားမှု မှတ်တမ်းရုပ်ရှင်အတွက် ဂီတဖန်တီးပေးခဲ့ပါတယ်။

ဒါကြောင့် ကိုဝင်းမော်ဟာ အဲဒီမှတ်တမ်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရာမှာ အဓိကကျသူအဖြစ် စွပ်စွဲခံရပြီး ၂၀၀၈ ခုနှစ်မှာထောင်ချခံလိုက်ရတာပါ။ကိုဝင်းမော်ဟာ၁၉၉၅ဝန်းကျင်ကလည်းနိုင်ငံရေးသီချင်းတွေ ရေးစပ်သီဆိုတဲ့အတွက် ထောင် ၇ နှစ် ကျခံခဲ့ရဖူးပါတယ်။

ကိုဝင်းမော် ဒီဆုရရှိတဲ့ အတွက် မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီအခမ်းအနားအတွက် ပေးပို့တဲ့ ဗီဒီယို မိန့်ခွန်းမှာ အခုလို မြန်မာအနုပညာရှင် တစ်ယောက်က ဒီဆုချီးမြှင့်ခံရလို့ မိမိတို့ အတွက် ဂုဏ်ယူစရာ ဖြစ်ကြောင်း၊ အခုဆုရတဲ့ အနုပညာရှင်ဟာ ဆုပေးချိန်မှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့အတွက်လည်း ဝမ်းနည်းစရာဖြစ်ကြောင်း၊ အနုပညာရှင်တွေဆိုတာ ကမ္ဘာကြီးကိုအလှဆင်နေသူဖြစ်ကြောင်း၊ မိမိတို့ မျက်စိတွေကို ဖွင့်ပေးသူလည်းဖြစ်တဲ့အတွက် လောကမှာအရေးကြီးတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြောင်း၊ အနုပညာရှင်တွေကို သူတို့ယုံကြည်ချက်ကြောင့် ထောင်ချထားတယ်ဆိုတာ ကမ္ဘာကြီးကို ကျဉ်းမြောင်းစေကြောင်း ပြောကြားထားပါတယ်။

ဒါ့အပြင် အခုလိုဆုချီးမြှင့်ပြီး အားပေးတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း၊ ကိုဝင်းမော်ကိုလည်း သူဖန်တီးတဲ့ ဂီတတွေအတွက်ကျေးဇူးတင်ကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်လို့သိရပါတယ်။

အခုချီးမြှင့်တဲ့ ဆုအတွက် ငွေသားအဖြစ် အမေရိကန် ဒေါ်လာ ၂ သောင်းခွဲ ပေးအပ်မှာ ဖြစ်ပါတယ်။ ဒီဆုတွေ အတွက် နိုင်ငံပေါင်း ၁၄၅ နိုင်ငံက လူပုဂ္ဂိုလ် ၂ ထောင်လောက်ထဲက ရွေးချယ်ခဲ့တာပါ။ ဒီဆုကို ၂၀၀၈ ခုနှစ်က လူ့ရှင်တော် ဇာဂနာ ခေါ် ကိုသူရ ရရှိခဲ့ဘူးပါတယ်။

# အဖွဲ့ချုပ် ပါတီဆုံးဖြတ်ချက် နိုင်ငံရေး ၁၀ ပါတီမဟာမိတ်များမှ ထောက်ခံကြိုဆို

**RFA၊ နိုဝင်ဘာ ၂၃။** ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ပြီး လာမဲ့ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အောက်တိုဘာ ၁၈ ရက်က ဆုံးဖြတ်တာကို နိုင်ငံရေးပါတီ ၁၀ ခုနဲ့ ဖွဲ့စည်းထားတဲ့ ဒီမိုကရေစီ မိတ်ဆွေ ပါတီများက ကြိုဆိုလိုက်ပါတယ်။

နိုဝင်ဘာလ ၁၈ ရက်နေ့က ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ပါတီကို မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ချက်ကို ကန့်ကွက်သူမရှိ အတည်ပြု ဆုံးဖြတ်လိုက်သည်။

NDF အမျိုးသားဒီမိုကရေစီအင်အားစု ပါတီဌာနချုပ်မှာမနေ့က ကျင်းပတဲ့ ဒီမိုကရေစီမိတ်ဆွေပါတီများ အစည်းအဝေးအပြီးပါတီခေါင်းဆောင်တွေက လက်မှတ်ရေးထိုးပြီး ကြေညာချက်ထုတ်ပြန်လိုက်တာဖြစ်ကြောင်းပြည်ထောင်စုဒီမိုကရေစီပါတီဥက္ကဋ္ဌဦးသိန်းတင်အောင်က ပြောပါတယ်။

ဒီကြေညာချက်မှာ တရားဝင်နိုင်ငံရေးပါတီများအဖြစ်မှတ်ပုံတင်ပြီး မြန်မာနိုင်ငံဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေး အတွက်အားတက်သရောပါဝင်ကြိုးပမ်းဆောင်ရွက်လာကြမဲ့ နိုင်ငံရေးပါတီတွေကိုလည်းကြိုဆိုပါကြောင်းနဲ့ ပြည်ထောင်စုတစ်ဝန်းလုံးရဲ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်လာမယ်ဆိုရင်လည်း ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့ကအစဉ်လက်ကမ်းကြိုဆိုလျက်ရှိကြောင်းဖော်ပြထားပါတယ်။

တစ်ချိန်ထဲမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အင်န်အယ်လ်ဒီပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ဖို့နဲ့ လာမယ့် ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ချက်ကို ကနေဒါရောက် မြန်မာ့ဒီမိုကရေစီအင်အားစုအဖွဲ့ ၉ ခုက မနေ့ကပူးတွဲကြေညာချက်ထုတ်ပြန်ထောက်ခံကြိုဆိုလိုက်ပါတယ်။

မြန်မာ့အရေးအတွက် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်မှုလိုအပ်တယ်လို့ ယူဆတဲ့အတွက် ထောက်ခံရကြောင်း ကနေဒါ အခြေစိုက် ပြည်ပရောက် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာ မြန်မာရဟန်းတော်များအဖွဲ့ IBMO ရဲ့ ဦးဆောင်သံဃာတော် အရှင်ကောဝိဒက မိန့်ကြားပါတယ်။ တွေ့ဆုံ ဆွေးနွေးရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အစဉ်တစိုက်ကြိုးပမ်းနေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံဆွေးနွေးမှုကအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး အတွက် အပြုသဘောဆောင်တဲ့ နိုင်ငံရေးအခင်းအကျင်းတစ်ရပ် ပေါ်ထွန်းလာနေတယ်လို့ ယုံကြည်တဲ့အတွက် ထောက်ခံကြိုဆိုရတယ်လို့လည်း ဆိုပါတယ်၊

## ၂၅ နှစ်အတွင်း မြန်မာ့စီးပွားရေးထိပ်တန်းရောက်နိုင်

**RFA၊ နိုဝင်ဘာ ၂၄။** ။ မြန်မာနိုင်ငံဟာ လာမဲ့ ၂၅ နှစ်ကာလအတွင်း အရှေ့တောင်အာရှမှာ စီးပွားရေးထိပ်တန်းနိုင်ငံဖြစ်လာမယ်လို့ သမ္မတဦးသိန်းစိန်ရဲ့ နိုင်ငံရေးအကြံပေး ဒေါက်တာနေဇင်လတ်က RFA ကို ပြောပါတယ်။

အစိုးရအနေနဲ့ မှန်ကန်တဲ့ စီးပွားရေး မူဝါဒတွေချမှတ်ပြီးပြုပြင်ပြောင်းလဲရေးတွေ အားမြှင့်လုပ်ဆောင်နေပြီဖြစ်လို့ လက်ရှိ အရှိန်အဟုန်အတိုင်း ဆက်ဆောင်ရွက်သွားရင် အရှေ့တောင်အာရှမှာ အဆင့်တစ်က သုံးအတွင်း စီးပွားရေးထိပ်တန်းနိုင်ငံ ဖြစ်လာနိုင်ကြောင်းအင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ပြီးခဲ့တဲ့ သီတင်းပတ်ကုန်က ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးညီလာခံကာလအတွင်း RFA နဲ့ သီးသန့်တွေ့ဆုံရာမှာ ပြောကြားခဲ့တာပါ။

မြန်မာနိုင်ငံကို အနောက်နိုင်ငံတွေက နှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့ထားခဲ့တာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ ထိခိုက်နစ်နာခဲ့ရတဲ့အပြင် ငွေကြေးအကူအညီ၊ စီမံခန့်ခွဲမှု၊ နည်းပညာ၊ ဈေးကွက်၊ လူဝင်မှုစတဲ့ ကဏ္ဍရပ်တွေမှာလည်း ဆုံးရှုံးမှုရှိခဲ့တယ်လို့ ဒေါက်တာနေဇင်လတ်က ပြောပါတယ်။

အခုအခါမှာတော့ အနောက်နိုင်ငံတွေရဲ့ စီးပွားရေး ဒဏ်ခတ်မှုရုပ်သိမ်းရေး အပါအဝင် အကူအညီတွေ ပြန်လည်ရရှိဖို့ လမ်းစပွင့်လာပြီဖြစ်တာကြောင့် မြန်မာနိုင်ငံဟာ လာမယ့် ၁၀ စုနှစ်အတွင်း ကမ္ဘာ့အဆင်းရဲဆုံး တတိယနိုင်ငံအဆင့်ကနေ ဒုတိယနိုင်ငံအဆင့်ကိုရှန်းထွက်နိုင်တော့မယ်လို့ ဒေါက်တာ နေဇင်လတ်က ပြောပါတယ်။

မြန်မာနိုင်ငံဟာ အာရှတိုက်မှာ သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ်ပေါများကြွယ်ဝပေမဲ့ စစ်အာဏာရှင်စနစ်အောက်မှာမှားယွင်းတဲ့ စီမံခန့်ခွဲမှုတွေကြောင့် ၁၉၈၇ ခုမှာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတခုအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

## ကချင်ပြည်နယ်မှာ သနပ်ခါးရောင်မိုးရွာ

**RFA ၊ နိုဝင်ဘာ ၂၄ ။** ။ ကချင်ပြည်နယ် အရှေ့တောင်ပိုင်း တရုတ်မြန်မာနယ်စပ်အနီးက လွယ်ဂျယ်နဲ့ မိုင်ဂျာယန်ဒေသမှာ အခုရက်ပိုင်းအတွင်းသနပ်ခါးရောင်အနီရောင်စတဲ့မိုးမျိုးရွာသွန်းခဲ့တဲ့အတွက်သက်သေခံအထောက်အထားတွေကို ရယူပြီး ဓာတ်ခွဲခန်းမှာ စစ်ဆေးနိုင်ဖို့ ကေအိုင်အေက ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက မိုင်ဂျာယန်ဒေသမှာ မိုးရွာတာလည်း မဟုတ်ဘဲ ဝါကျင်ကျင် အရောင်အရည်တွေ ကျခဲ့တယ်လို့ ကေအိုင်အေ အရာရှိတစ်ဦးက ပြောပါတယ်။

လွန်ခဲ့တဲ့ ၂ ရက်လောက်က လွယ်ဂျယ်နဲ့ မိုင်ဂျာယန်ကြားက ကန်ဝံရွာနားမှာ အနီရောင် အမှုန့်လိုမျိုး ကျခဲ့တာကြောင့် သီးနှံပင်တွေ သေဆုံးတာရှိတယ်လို့ဒေသခံတွေကပြောကြောင်းသိရပါတယ်။ ကန်ဝံရွာနားမှာကျခဲ့တဲ့ အနီရောင်လို အမှုန့်တွေ အကြောင်းကိုတော့နောက်ထပ် ကေအိုင်အိုအရာရှိတစ်ဦးက အခုလို ပြောပါတယ်။

"မဖြစ်ခင် လေယာဉ်တစ်စီးပေါ်က ကြဲသွားတာလို့ ပြောတယ်။ လေယာဉ်သုံးနိုင်တာ ဆိုလို့ အစိုးရတပ်ပဲ ရှိတာပေါ့။ သွားကြည့်တဲ့ လူတွေလည်း မူးတာတွေ အော့အန်တာတွေ ဖြစ်တယ်"

အခုလို အရောင်ပါတဲ့ မိုးလိုရွာသွန်းတဲ့ လွယ်ဂျယ်နဲ့ မိုင်ဂျာယန်ဒေသတွေဟာ ကေအိုင်အို တပ်မဟာ ၃ အခြေစိုက်ရာ ဒေသဖြစ်ပြီး မြန်မာအစိုးရ တပ်တွေနဲ့ မကြာခဏ တိုက်ပွဲဖြစ်တဲ့ နေရာတွေလို့လည်း ကေအိုင်အေ အရာရှိတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ရွာချခဲ့တဲ့ သနပ်ခါးရောင်လို မိုးကြောင့် သီးနှံပင်တွေပါ အဆိပ်သင့်သလိုဖြစ်တဲ့အတွက် ဒေသခံတွေကို ဟင်းသီးဟင်းရွက် မစားကြဖို့ ကေအိုင်အိုက ပိတ်ပင်ထားတယ်လို့လည်း ကချင်သတင်းဌာနက ဖော်ပြထားပါတယ်။

# အစာငတ်ခံ ဆန္ဒပြခြင်း

**ယခင် အပတ်အဆက်**

**ခင်မမမျိုး**

မြန်မာ့သမိုင်းမှ အစာငတ်ခံ ဆန္ဒပြခြင်းများ

မြန်မာ့သမိုင်းမှ အစာငတ်ခံ ဆန္ဒပြခြင်းများမှာ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုရဲ့ ရဲရဲတောက် သံဃာ့အာဇာနည်တပါးဖြစ်တဲ့ ဆရာတော် ဦးဝိစာရရဲ့ အစာငတ်ခံဆန္ဒပြခြင်းဟာ သမိုင်းမော်ကွန်းတွင်ရစ်ခဲ့ပါတယ်။ ၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့တုန်းကနယ်ချဲ့အစိုးရမှရာဇသတ်ပုဒ်မ(၁၂၄)(က)အစိုးရအားအကြည်ညိုပျက်အောင်ဟောပြောမှုနဲ့ သာယာဝတီထောင်မှာ မတရားချုပ်နှောင်ထား စဉ်မှာ ဆရာတော်ဦးဝိစာရကသိမ်တခုခုမှာဥပုဒ်ပြုခွင့်တောင်းခဲ့ပါတယ်။ ငြင်းဆိုခံခဲ့ရတဲ့အတွက် အစာငတ်ခံဆန္ဒပြခဲ့ရာမှာ ရန်ကုန်ထောင်ကို ပြောင်းရွှေ့ခံခဲ့ရပြီး၊ရက်ပေါင်းလေးဆယ်အထိရန်ကုန်ထောင်မှာဆက်လက်ဆန္ဒပြမှုကြောင့် နယ်ချဲ့အစိုးရ အာဏာပိုင်တွေက ဥပုဒ်ပြုခွင့်ပြုခဲ့ရပါတယ်။

အမှုစစ်ဆေးပြီး ထောင်ချခံခဲ့ရတာကြောင့် အင်းစိန်ရုံးကနေ ထောင်ဘူးဝပြန်အရောက်မှာ အာဏာပိုင်တွေက ထောင်ဝတ်စုံ နံငယ်ပိုင်းကို လဲလှယ်စေခဲ့ရာမှာလဲ သင်္ကန်းမှ လွဲ၍ မည်သည့်အဝတ်မှမဝတ်နိုင်လို့ဆိုခဲ့တာကြောင့် သင်္ကန်းဆွဲချွတ်ပြီး အဝတ်ဗလာနဲ့တိုက်ပိတ်ခံရပြန်ပါတယ်။ ဒီအတွက်ကြောင့် ၁၉၂၇ ခုနှစ်၊ မေလ (၈)ရက်နေ့မှာ ဒုတိယအကြိမ်အစာငတ်ခံဆန္ဒပြခဲ့ပါတယ်။အစာငတ်ခံဆန္ဒပြစဉ်ကာလတွေမှာ နယ်ချဲ့လက်ပါးစေတွေက ရိုက်နှက်နှိပ်စက်ခြင်း၊ကန်ကျောက်ခြင်း၊ စိတ်ရောဂါသည်များထားရှိရာထောင်သို့ပို့ဆောင်ခြင်း၊ စိတ်ရောဂါသည်များနှင့်အတူထားရှိခြင်း စတာတွေကို ပြုလုပ်ခဲ့ပါတယ်။နောက်ဆုံးမှာတော့ နယ်ချဲ့အစိုးရလက်လျှော့ပြီး ဆရာတော်ကို သင်္ကန်းဝတ်ခွင့် ပြန်ပေးခဲ့ရပါတယ်။

မကြာခင်မှာပဲ သင်္ကန်းပြန်ချွတ်ပြန်တာကြောင့် ဆရာတော်က တတိယအကြိမ်အစာငတ်ခံဆန္ဒပြတဲ့အတွက် ထောင်တွင်းတိုက်ပွဲပြင်းထန်လာတာကြောင့် အိန္ဒိယထောင်သို့ ပြောင်းရွှေ့ခြင်း ခံခဲ့ရပါတယ်။ ၁၉၂၉ မှာ ရန်ကုန်ထောင်သို့ ပြန်လည်ရောက်ရှိပြီး၊ ထောင်မှ လွတ်မြောက်ခဲ့ရာမှာ ထောင်မှလွတ်မြောက်ပြီး မကြာခင်မှာပဲ သုံးခွနယ်၊ ဖရုံကန်ရွာ တရားပွဲမှာ အစိုးရအကြည်အညို ပျက်စေရန် ဟောပြောမှုနဲ့ ထပ်မံ ဖမ်းဆီးခံခဲ့ရပါတယ်။ ရဟန်းတော်တို့ ရသင့်ရထိုက်သောအခွင့်အရေးများကို တောင်းဆိုရာမှာ မရတဲ့အတွက် အစာငတ်ခံဆန္ဒပြပြီး ထပ်မံ တောင်းဆိုခဲ့ပါတယ်။ အစာငတ်တ်ခံဆန္ဒပြရာမှ ရက်ပေါင်း (၁၆၆) ရက်မြောက်တဲ့ ၁၉၂၉ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့မှာ ဆရာတော်ဦးဝိစာရ ပျံလွန်တော်မူခဲ့ပါတယ်။ ဆရာတော်နောက်ဆုံးမိန့်ကြားခဲ့တဲ့ လိမ်မာရစ်ကြပါဆိုတဲ့ စကားလုံးဟာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်ကို မြှင့်တင်ပေးခဲ့ပါတယ်။

မြန်မာပြည် စစ်အာဏာရှင်ဆန့်ကျင်ရေး သမိုင်းမှတ်တိုင်များထဲက ကိုးကိုးကျွန်းအစာငတ်ခံ ဆန္ဒပြတိုက်ပွဲများဟာလဲအာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့သူရဲကောင်း စိတ်ဓာတ်တွေ မျိုးဆက်သစ်တော်လှန်ရေးသမားတွေဆီမှာ ပျံ့နှံ့လာအောင် စိတ်ဓာတ်အမွေပေးခဲ့ပါတယ်။ ကိုးကိုးကျွန်းတိုက်ပွဲများရဲ့ ပထမဦး ပွဲဦးထွက်ငါးပိတိုက်ပွဲ မှာ တုန်းက ထောင်အာဏာပိုင်များက ငါးပိပုပ်တွေကိုပေးပြီး၊ ပေးတာယူ-ကျွေးတာစားသဘောမျိုးနဲ့တော်လှန်ရေးသမားတွေကို အကဲစမ်း အညှန့်ချိုးခဲ့တာကြောင့် တော်လှန်ရေးသမားများကိုအစာငတ်ခံတိုက်ပွဲနဲ့တုန့်ပြန်ခဲ့ရာမှာ အာဏာပိုင်တို့ လက်လျှော့ပေးခဲ့ရပါတယ်။

ရဲနီဦးတင်ငြိမ်း ကိုးကိုးကျွန်းမှာ ဆုံးပါးသွားတာနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲဖြစ်ပွားလာခဲ့တဲ့ ကိုးကိုးကျွန်း ရက်လေးဆယ် တိုက်ပွဲကြီးဟာလဲတောင်းဆိုချက်(၅)ရပ်နဲ့အတူအာဏာပိုင်တွေကိုတုန်လှုပ်စေခဲ့ပါတယ်။ ဒီတောင်းဆိုချက် (၅) ရပ်ကတော့ ရဲနီတင်ငြိမ်းအလောင်းပြည်မပြန်ပို့ပေးရေး၊ နာတာရှည်ရောဂါသည် (သို့မဟုတ်) ကျွန်းမှာကုလို့မရသော ရောဂါသည်များကို ပြည်မပြန်ပို့ပေးရေး၊ စည်သွတ်ဗူးအစား အသားစိုပေးရေး၊ တရားဝင်ထုတ်ဝေသော စာနယ်ဇင်းများဖတ်ခွင့်ရရှိရေးနဲ့ အိမ်နှင့်စာရေးဆက်သွယ်ခွင့်ရရှိရေးစတာတွေဖြစ်ပါတယ်။ ပထမတောင်းဆိုချက်ဖြစ်တဲ့ အလောင်းကိုတော့အာဏာပိုင်များက အတင်းအဓမ္မလုယူပြီး သဂြိုလ်လိုက်ပါတယ်။ နောက်တောင်းဆိုချက် (၄) ချက်ကိုတော့ ရက်ပေါင်း (၄၀) အကြာမှာအာဏာပိုင်တွေဘက်က လိုက်လျောခဲ့ရပါတယ်။

နောက်ထပ်ပေါ်ထွက်လာခဲ့တဲ့ (၅၃) ရက် အစာငတ်ခံတိုက်ပွဲကြီးကတော့ တော်လှန်ရေးသမားတွေကို ကိုးကိုးကျွန်းကိုပို့ပြီး၊ ချုပ်နှောင်နှိပ်စက်ခြင်း အခြေခံဖြစ်တဲ့ ကိုယ်ထူကိုယ်ထ မူဝါဒကြီးကိုဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ သမိုင်းမှတ်တိုင်ကြီး ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထစနစ်ဖျက်သိမ်းပေးရေးနဲ့ ပြည်မထောင် အခွင့်အရေးများ ကိုးကိုးကျွန်းမှာလဲရရှိရေးတောင်းဆိုချက်များနဲ့တိုက်ပွဲဝင်ခဲ့ကြရာမှာအသက်ပေးခဲ့ကြသော ရဲဘော်များရဲ့အလောင်းစင်တွေရှေ့က ပိုစတာတွေပေါ်ထောင်ခဲ့ကြတဲ့ သူတို့ပြောခဲ့တဲ့ စကားတွေမှာသူတို့ရဲ့ တော်လှန်ရေးစိတ်ဓာတ်နဲ့ ယုံကြည်ချက်တွေကို တော်လှန်ရေးလမ်းညွှန်သဖွယ်မီးမောင်းထိုးပြနေခဲ့ပါတယ်။

ဆံခြည်တမျှင်တောင်မှ နောက်မဆုတ်နဲ့။ ဆက်တိုက်။(ရဲဘော်သိန်းကြည်)

လယ်သမားဟာထယ်ထိုးတဲ့အခါအငုတ်အမြစ်ပါမကျန်အောင်ထိုးရသလို၊ ရန်သူကိုတိုက်ရာမှာလည်း အငုတ်အမြစ်မကျန်အောင်တိုက်ရမယ်။ (ရဲဘော်အုန်းမော်)

ခိုင်မာတဲ့ သန္နိဋ္ဌာန်သာရှိရင် မိုးအောက်မြေပြင်မှာ မလုပ်နိုင်တာမရှိဘူး။ (ရဲဘော်ချစ်ဆွေ)

ကျွန်တော်ကတော့ အလုပ်သမားလူတန်းစားရဲ့ ဂုဏ်သိက္ခာကိုညှိုးနွမ်းအောင် ဘယ်တော့မှ မလုပ်ဘူး။ (ရဲဘော်စိန်ချင်း)

ရန်သူ့နှလုံးအိမ်တွင်း စိုက်သွင်းထားတဲ့ ဓားမြှောင်နီ (ရဲဘော်လေးမောင်)

**စာမျက်နှာ ၁၈ သို့**

# အဖွဲ့ချုပ်တည်ထောင်သူများတွင် အမျိုးသမီးထက်ဝက်ကျော်ပါဝင်

**Mizzima | နိုဝင်ဘာ ၂၄ ။** ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ နိုင်ငံရေး ပါတီတည်ထောင်ခွင့် ဥပဒေအရတင်သွင်းမည့် ပါတီတည်ထောင်သူ ၂၁ ဦးတွင် အမျိုးသမီးထက်ဝက်ကျော်ပါဝင်သလို ကယားပြည်နယ်မှ လွဲ၍ နယ်စုံမှပါဝင်သည်ကို တွေ့ရသည်။

၂၀၁၀ ခု မတ်လ ၈ ရက် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၃ (က) အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမည်နှင့်ပင် ပါတီတည်ထူထောင်လိုသူ အနည်းဆုံး ၁၅ ဦးရှိရမည်ဖြစ်သော်လည်း ၂၁ ဦးရွေးထားသည့် NLD စာရင်းတွင် အမျိုးသမီး ၁၁ ဦး၊ အမျိုးသား ၁၀ ဦးပါဝင်ပြီး လူငယ်နှင့် သက်လတ်ပိုင်းများဖြင့် ပြောင်းလဲအားဖြည့်ထားကြောင်း ပါတီတွင်း သတင်းရပ်ကွက်က ပြောသည်။

ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်စသည့် NLD ပါတီကို စတည်ထောင်သူ သုံး ဦး၊ နောက်တိုး ဗဟိုအလုပ်အမှုဆောင်ထဲမှ ဦးဉာဏ်ဝင်း၊ ဦးဟံသာမြင့်၊ ဒေါက်တာ ဒေါ်မေဝင်းမြင့်တို့ အပါအဝင် ပြည်နယ်/ တိုင်း ၁၃ ခုမှ ကိုယ်စားလှယ်များဖြင့် ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ကရင်နီဟုလည်း ခေါ်ဝေါ်လေ့ရှိသော ကယားပြည်နယ်တွင် NLD ရုံးခွဲမရှိပေ။

"ကယားမရှိတဲ့အတွက် ရှမ်းကို နှစ်ယောက်လုပ်တယ်။ ရန်ကုန်အတွက်ကို ညီနောင်ပါတီက ဦးစိုးဝင်းကို ထည့်တယ်။" ဟု NLDအဖွဲ့ဝင်တဦးကပြောသည်။ ဦးစိုးဝင်းသည် ဖျက်သိမ်းခံထားရသော အမျိုးသားဒီမိုကရေစီပါတီမှဖြစ်ပြီး ညီနောင်ပါတီအဖြစ် နိုင်ငံရေးသဘောတူညီချက်ရှိကြသည်။

နိုဝင်ဘာ ၂၃ ရက်နေ့က NLD ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်း/ ပြည်နယ်ဗဟိုဦးစီးအဖွဲ့ဝင်များတွေ့ဆုံကြပြီး သင့်တော်သူများအဖြစ် အပြီးသတ် ဆုံးဖြတ်ခဲ့သည့် အဆိုပါစာရင်းနှင့်အတူ ကိုယ်စားလှယ်အဖြစ်ဦးဉာဏ်ဝင်းနှင့် ဦးဝင်းမြင့်တို့က ပါတီတည်ထောင်နိုင်ရေးလျှောက်ထားရန်နေပြည်တော်သို့ သွားရောက်နေသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအခန်း (၂) အရ ပုဒ်မ ၃ (ခ) အရ တည်ထောင်ခွင့်ရလျှင် ယခု ၂၁ ဦးထဲမှ ရွေးချယ်ရမည့်ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က မှတ်ပုံတင်ကြေး ကျပ် သုံးသိန်း ပေးသွင်း၍ ပါတီအမည်၊ အလံနှင့် တံဆိပ်၊ နိုင်ငံရေးသဘောတရားနှင့် လုပ်ငန်းစဉ်၊ ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ၊ ပါတီတည်ထောင်လိုသူများ၏ ကိုယ်ရေးအချက်များ၊ ၂၀၀၈ ဖွဲ့စည်းပုံအ ခြေခံဥပဒေကို လေးစားလိုက်နာပါမည့်အကြောင်း ဝန်ခံချက်နှင့်အတူ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ပေးရန် ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှ စ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁,၀၀၀ ကိုစည်းရုံးရမည်ဖြစ်သည်။

လက်ရှိ ဗဟိုအလုပ်အမှုဆောင်နှင့် ဗဟိုဦးစီးအဖွဲ့ အပြောင်းအလဲ၊ အလံ၊ တံဆိပ်တို့ကိုမူ နေပြည်တော်မှ မှတ်ပုံတင် ခွင့်ပြုပြီးနောက်မှပြန်လည်ရွေးချယ်ကြမည်ဟု ပါတီအကြီးတန်းတာဝန်ရှိသူ တဦးက ပြောသည်။

နိုဝင်ဘာ ၂၃ ရက်နေ့က ပါတီဌာနချုပ်တွင် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် တိုင်းနှင့်ပြည်နယ်မှ ကိုယ်စားလှယ်များက တာဝန်ယူသွားကြရန်လည်း ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၁၇ မှ**

ပြည်သူ့သူရဲကောင်း ရဲဘော်ရှစ်ယောက် အသက်ပေးခဲ့ရတဲ့ ၅၃ ရက် တိုက်ပွဲမှာလဲ အာဏာပိုင်တွေက အလျှော့ပေးခဲ့ရပါတယ်။

နိဂုံး

မဆလ၊ နဝတ၊ နအဖ၊ ဦးသိန်းစိန် ရုပ်သေးအစိုးရစတဲ့ အာဏာရှင်အဆက်ဆက်တို့ရဲ့ အကျဉ်းထောင်တွေထဲမှာလဲ အစာငတ်ခံဆန္ဒပြပွဲတွေ ဆက်လက်ဖြစ်ပွားခဲ့ပြီး အာဏာပိုင်တွေကိုဆန့်ကျင်အန်တုခဲ့ကြပါတယ်။ မတရားမှုဟာ ဥပဒေဖြစ်နေသရွေ့ အာဏာတည်နေသရွေ့ ဆန့်ကျင်တော်လှန်သူဆိုတာရှိနေစမြဲပါပဲ။ ဒီလိုတော်လှန်သူတွေကို အကျဉ်းထောင်တွေထဲမှာ၊ တိုက်တွေထဲမှာ၊ ကျွန်းတွေမှာ နည်းမျိုးစုံနဲ့ချုပ်နှောင်ထားရင်လဲ ကိုယ်ခန္ဓာကိုပဲ ချုပ်နှောင်လို့ရပေမယ့် တော်လှန်စိတ်ကိုတော့ ချုပ်နှောင်လို့မရနိုင်ပါဘူး။ တော်လှန်စိတ်ကိုမီးမောင်းထိုးပြတဲ့ အစာငတ်ခံဆန္ဒပြပွဲတွေ၊ ထောင်တွင်းတိုက်ပွဲတွေဟာ အချုပ်ခန်း၊ ထောင်အဆောင်များ၊ တိုက်များနဲ့ ကျွန်းတွေကနေ ပေါ်ထွက်ခဲ့၊ ပေါ်ထွက်ဆဲဖြစ်ပြီး အာဏာရှင်စနစ်အဆုံးမသတ်သရွေ့ ဆက်လက်ပေါ်ထွက်နေဦးမှာပဲ ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

ရည်ညွှန်းကိုးကား။ ။


ရန်ကုန်ပြည်သူများ (၂၀၀၈) သံဃာ့အာဇာနည် ဆရာတော်ဦးဝိစာရ၊ http://burmesepeople.blogspot.com /2008_07_01_archive.html

ရဲဘော်ဖိုးသံချောင်း (၂၀၀၄) ကျောင်းသား၊ ထောင်၊ တော်လှန်ရေးသမား၊ Study Desk Publication, India

BAUMAN, Z. (1992) Survival as social construct. Theory, Culture and Society. 9(1): 1-36.

SANDS, B. (1998) Writings from Prison. Dublin: Mercier Press.

Reyes, H. (1998) Medical and Ethical Aspects of Hunger Strikes in Custody and the Issue of Torture, in

Oehmichen, M., 19 MALTREATMENT AND TORTURE, RESEARCH IN LEGAL MEDICINE

World Med. Ass'n, Declaration on Hunger Strikers, Nov. 1991, rev. Oct. 2006, available at

www.wma.net/en/30publications/10policies/h31/index.html

Yuill, C. (2007) The Body As Weapon: Bobby Sands and the Republican Hunger Strikes, Sociological

Research Online, Volume 12, Issue 2

# အဲန်အယ်လ်ဒီ ပြန်လည်ဖွဲ့စည်းရေးလျှောက်လွှာအသစ်များ လက်ခံ

**DVB ၊ နိုဝင်ဘာ ၂၅ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းခွင့်ပြုဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံလိုက်တယ်လို့ သိရပါတယ်။

ဒီကနေ့မနက်ပိုင်း၁၀နာရီခွဲလောက်ကနေပြည်တော်မှာရောက်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းတို့ကအဖွဲ့ချုပ်ပြန်လည်ဖွဲ့စည်းရေးအတွက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို သွားရောက် လျှောက်တင်ရာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းရေးကို လက်ခံလိုက်တယ်လို့ အဖွဲ့ချုပ်က တာဝန်ရှိသူတဦးဖြစ်တဲ့ ဦးဟန်သာမြင့်က ပြောပါတယ်။

"၁၀နာရီခွဲကတင်လိုက်တော့ဖြတ်ပိုင်းရတယ်။လက်ခံဖြတ်ပိုင်းရတာပေါ့ ကော်မရှင်က ဆက်တယ်။ အတည်ပြုတာမဟုတ်ဘူး သူကလျှောက်လွှာကို လက်ခံလိုက်တယ်ပေါ့ဗျာ။ သူ့ပုံစံတွေ ဘာတွေ မှန်တယ်ပေါ့။ ကျနော်တို့ တင်တဲ့ပုံစံမှန်လို့ လက်ခံတဲ့ သဘောပါပဲ။"

အဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းခွင့်ပြုပြီးတဲ့နောက်ပိုင်းမှ ပါတီမှတ်ပုံတင်ရမယ်လို့လည်း ဦးဟန်သာမြင့်က ပြောပါတယ်။

လောလောဆယ်တော့ ပါတီပြန်လည်ဖွဲ့စည်းခွင့်ကိုတော့ တိုင်းနဲ့ပြည်နယ်က အမျိုးသား ၁၀ ဦးနဲ့ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၁ ဦးနဲ့ တင်လျှောက်လိုက်တာပါ။ အဲဒီ ၂၁ ဦးဟာ ပါတီပြန်လည်ဖွဲ့စည်းရေးအတွက်ပဲ အမည်စာရင်းနဲ့ လျှောက်ထားတာဖြစ်ပြီးတော့ နောက်လာမယ့် ပါတီရဲ့ ဖွဲ့စည်းရေးနဲ့ မသက်ဆိုင်ဘူးလို့ အဲဒီ ၂၁ ဦးမှာပါဝင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးစီးအဖွဲ့ဝင် ကရင်ပြည်နယ်က ဒေါ်နန်းခင်ထွေးမြင့်ကပြော ပါတယ်။

လောလောဆယ် အဖွဲ့ချုပ်ဗဟိုမှာတော့ ရွေးကောက်ပွဲ အောင်နိုင်ရေး ဗဟိုနဲ့ တိုင်းနဲ့ပြည်နယ်အဖွဲ့တွေကို ဖွဲ့စည်းသွားမှာဖြစ်ပြီး ရွေးကောက်ပွဲနောက်ပိုင်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းသွားမယ်လို့ ဒေါ်နန်းခင်ထွေးမြင့်က ရှင်းပြပါတယ်။

"ရွေးကောက်ပွဲအောင်နိုင်ရေးပြီးမှ အခုအောင်နိုင်ရေးပဲအဓိကလေ၊အောင်နိုင်ရေးပြီးတော့ရွေးကောက်ပွဲဝင်လိုက်မယ်။ရွေးကောက်ပွဲပြီးမှပဲ ကျမတို့က မူလရှိထားတဲ့ အဟောင်းအတိုင်းပဲနေမယ်အရင်အဟောင်းအတိုင်းပဲ။ စီအီးစီလည်း အရင်အဟောင်းအတိုင်းပဲ စီစီတွေလည်း အရင်အဟောင်း အတိုင်းပဲ ရှိနေတယ်ပေါ့နော်။

မြို့နယ်စည်းတွေ၊ ပြည်နယ်စည်းတွေလည်း အရင်အဟောင်းအတိုင်းပဲ။ ဘာမှ တိုးတာ လျှော့တာ အသစ်တွေ လက်မခံနဲ့ဦး။ ရွေးကောက်ပွဲ ပြီးတဲ့အခါကျမှ ကျမတို့က ကိုယ့်မြို့နယ်တွေမှာ ပြန်ပြီးတော့စ။ အခု ပါတီဝင်တွေတော့ လက်ခံပေါ့။ ပါတီဝင်လက်ခံဆိုတာလည်း လျှောက်လွှာတွေက ရုံးချုပ်က ပို့မှာ။ ရုံးချုပ်ကပို့တာကိုပဲ စောင့်ရမှာလကုန်လောက်မှ ရမှာ။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီပြန်လည်ဖွဲ့စည်းခွင့်ကို လျှောက်ထားပြီး လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ဖို့ပြင်ဆင်နေပေမယ့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးသူရရွှေမန်းကတော့ ကြားဖြတ်ရွေးကောက်ပွဲကို လာမယ့် ၃ လ အတွင်း ကျင်းပနိုင်မှာမဟုတ်ဘူးလို့လည်း ဒီကနေ့ နေပြည်တော်မှာ သတင်းထောက်တွေကို သီးခြားတွေ့ဆုံစဉ်မှာ ပြောကြားလိုက်တယ်လို့ သိရပါတယ်။

---

## UNFC တိုင်းရင်းသားလုံးပါဝင်တဲ့ ဆွေးနွေးမှုမျိုးဆို လက်ခံ

**BBC ၊ နိုဝင်ဘာ ၂၂ ။** ။ ညီညွတ်သောတိုင်းရင်းသားများ ဖယ်ဒရယ်ကောင်စီ UNFC က သူတို့အဖွဲ့ထဲမှာပါဝင်ကြတဲ့ တိုင်းရင်းသားအဖွဲ့အားလုံး အတူပါဝင်နိုင်တဲ့ ဆွေးနွေးပွဲမျိုးဆိုရင် လက်ခံနိုင်တယ်လို့ ပြောပါတယ်။

UNFC အဖွဲ့ထဲမှာပါဝင်ကြတဲ့ ကချင်၊ ကရင်၊ ကရင်နီ၊ ရှမ်း၊ ချင်း၊ မွန် စတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို မြန်မာအစိုးရဘက်က ကိုယ်စားလှယ်စေလွှတ်ပြီး သီးခြား တဖွဲ့ချင်းစီ ဆွေးနွေးမှုတွေပြုလုပ်နေတာဖြစ်ပါတယ်။

UNFC အနေနဲ့က ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို တပ်ပေါင်းစုအနေနဲ့သာ ပြုလုပ်မယ်ဆိုတဲ့မူကို ကိုင်စွဲထားပါတယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီးတဲ့အခါ တိုင်းရင်းသားအဖွဲ့တွေအားလုံးပါဝင်တဲ့ ညီလာခံမျိုး နေပြည်တော်မှာကျင်းပမယ်လို့ အစိုးရကအရိပ်အမြွက်ပြောဆိုခဲ့တယ်ဆိုတဲ့သတင်းတွေလည်း ကြားရတယ်လို့ UNFC အထွေထွေအတွင်းရေးမှူး ဦးနိုင်ဟံသာကပြောပါတယ်။

စစ်မက်ဖြစ်ပွားနေတဲ့ဒေသတွေအားလုံးမှာ အပစ်အခတ်ရပ်စဲရေးကို တပြိုင်နက်တည်းပြုလုပ်ပြီး နောက်တဆင့်အနေနဲ့ နိုင်ငံရေးဆွေးနွေးမှုတွေပြုလုပ်ဖို့ လိုတယ်လို့ UNFC အထွေထွေအတွင်းရေးမှူး ဦးနိုင်ဟံသာကပြောပါတယ်။

နိုင်ငံရေးဆွေးနွေးမှုတွေပြုလုပ်တဲ့နေရာမှာ UNFC အနေနဲ့ သို့မဟုတ် ကျယ်ပြန့်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ အားလုံးစုပေါင်းပြီး ပြည်နယ်အစိုးရအဆင့်သာမက ဗဟိုအစိုးရအဆင့်နဲ့ ဆွေးနွေးကြဖို့ကိုလည်း တောင်းဆိုတယ်လို့ ဦးနိုင်ဟံသာက BBC ကိုပြောပါတယ်။

---

## NLD ရွေးကောက်ပွဲအောင်ရေး ဂီတပညာရှင်များ ဆွေးနွေး

**RFA ၊ နိုဝင်ဘာ ၂၅ ။** ။ လာမယ့်ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် အင်န်အယ်လ်ဒီကအသုံးပြုမယ့် တေးသီချင်းအသစ် ရေးစပ်သီဆိုရေးနဲ့ပတ်သက်လို့ ဂီတအနုပညာရှင်တွေနဲ့ ဆွေးနွေးပွဲကို ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံဝင်းအတွင်းမှာ ဒီကနေ့ ပြုလုပ်ခဲ့ပါ တယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲအတွက် သီချင်းထုတ်မယ်၊ လာမယ့်ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် NLD က အသုံးပြုမယ့် တေးသီချင်းအသစ် ရေးစပ်သီ ဆိုရေးနဲ့ပတ်သက်လို့ဂီတအနုပညာရှင်တွေနဲ့ဆွေးနွေးပွဲကို ဒေါ်အောင်ဆန်းစုကြည်နေအိမ်ခြံဝင်းအတွင်းမှာ ဒီကနေ့ပြုလုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲနဲ့အတူ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၁ ရက်က ပညာ ရေးကွန်ရက် တစ်နှစ်မြောက်စျေးရောင်းပွဲမှာ ပါဝင်ကူညီခဲ့သူများကို ဂုဏ်ပြုပွဲကိုလည်း ပြုလုပ်ခဲ့ပါတယ်။

လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ အောင်နိုင်ရေးအတွက် ဂီတအနုပညာသမားတွေဘက်က တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပေးဖို့ ဖြစ်ကြောင်း ဒီဆွေးနွေးပွဲကိုတက်ရောက်ခဲ့တဲ့ Hip Hop အဆိုတော် ကိုဇေယျာသော်က အာရ်အက်ဖ်အေကို ပြောပါတယ်။

တိုင်းပြည်ရဲ့ စိတ်ဓာတ်ခွန်အားဖြစ်စေမယ့် သီချင်းမျိုး ရေးစပ်ဖို့ ဆွေးနွေးခဲ့ကြကြောင်း ဂီတအနုပညာရှင် ဆောင်းဦးလှိုင်ကလည်းပြောပါတယ်။

# ဦးခွန်ထွန်းဦးနဲ့ ကိုမင်းကိုနိုင်တို့ မိသားစုနဲ့ ထောင်ဝင်စာ တွေ့ခွင့် ရရှိ

**DVB၊ နိုဝင်ဘာ ၂၁။** ။ အခုလ ၁၆ ရက်နေ့တုန်းက ထောင်ပြောင်းရွှေ့ခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတချို့ကို မိသားစုဝင်တွေက ဒီနေ့ ထောင်ဝင်စာ သွားရောက်တွေ့ဆုံပါတယ်။

အခုလ ၁၆ ရက်နေ့က ရှမ်းပြည်နယ် ကျိုင်းတုံထောင်ကနေ သရက်ထောင်ကို ပြောင်းရွှေ့ထားတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို မိသားစုဝင်တွေက ဒီကနေ့ တွေ့ခွင့်ရရှိခဲ့ပါတယ်။

ကိုမင်းကိုနိုင်ကို ထောင်ဝင်စာသွားတွေ့ခဲ့တဲ့ အစ်မတဦးက

"တွေ့ခွင့်ရပါတယ်။ မိနစ် ၂၀ ကျော်ကျော် စကားပြောခွင့် ရပါတယ်။ အခုပဲတွေ့ပြီး ထွက်လာတာပါ။ ကျမလည်း ပြောင်းလိုက်ရွှေ့လိုက်နဲ့ဆိုတော့ ဘယ်လိုရွှေ့လည်း ဘယ်လမ်းကလာလည်းပေါ့၊ နေကောင်းရဲ့လား၊ ဘာပစ္စည်းတွေ လိုအပ်သလဲ။ အဲဒါတွေပဲ မေးလိုက်ရပါတယ်။ အောင်လံကနေ သရက်ကို သင်္ဘောနဲ့ ကူးရလားလို့ မေးတော့ မဟုတ်ဘူးတဲ့။ သူ့ကို မင်းတုန်း၊ ကံမဘက်ကနေ ကားနဲ့ပတ်ခေါ်တာတဲ့။ နည်းနည်းတော့ ပင်ပန်းတာပေါ့။ ခရီးဆက်တိုက်ဖြစ်သွားတော့။"

ထောင်ပြောင်းရွှေ့မှုကြောင့် အနည်းငယ်ပင်ပန်းတာကလွဲရင် ကိုမင်းကိုနိုင် နေကောင်းကျန်းမာတယ်လို့ ပြောပါတယ်။ ရှမ်းတိုင်းရင်းသားခေါင်းဆောင်ဦးခွန်ထွန်းဦးကိုလည်း ပူတာအိုထောင်ကနေတောင်ငူထောင်ကို ပြောင်းရွှေ့ထားတယ်လို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရ ဦးစိုင်းလိတ်က ပြောပါတယ်။

"ပူတာအိုကနေ မြစ်ကြီးနားကို လေယာဉ်နဲ့ပို့တယ်။ မြစ်ကြီးနားမှာ နှစ်ညနားတယ်။ ပြီးတော့ မြစ်ကြီးနားကနေ မန္တလေးကို လေယာဉ်နဲ့ပို့တယ်။ မန္တလေးမှာ တညထပ်နားပြီးတော့ စနေနေ့ ကားနဲ့ပြန်ထွက်လာတယ်။ မနေ့ကမနက်ပဲ တောင်ငူကို ရောက်ပါတယ်။"

ဦးခွန်ထွန်းဦးကို တောင်ငူထောင်မှာ မိသားစုဝင်တွေက ဒီကနေ့ သွားရောက်တွေ့ဆုံနေပြီး ပြန်လာမှ အကျိုးအကြောင်း သိရမယ်လို့ဆိုပါတယ်။

၂၀၀၇ သံဃာ့သပိတ်ခေါင်းဆောင်အရှင်ဂမ္ဘီရကိုလည်းအာဏာပိုင်တွေက စစ်ကိုင်းတိုင်း ကလေးထောင်ကနေ ရောဝတီတိုင်း မြောင်းမြထောင်ကို ပြောင်းရွှေ့ထားပါတယ်။ အရှင်ဂမ္ဘီရနဲ့ တွေ့နိုင်ဖို့ အစ်မတော်ဖြစ်သူ မခင်သူဌေး ဒီကနေ့ မြောင်းမြထောင်ကို သွားတယ်လို့သိရပါတယ်။

အရှင်ဂမ္ဘီရကို အခုလ ၁၆ ရက်နေ့က ကလေးထောင်ကနေ အင်းစိန်ထောင်၊ အဲဒီနောက် မြောင်းမြထောင်ကို ထပ်ပြောင်းလိုက်တာဖြစ်ပါတယ်။ အရှင်ဂမ္ဘီရကို မြောင်းမြထောင်မပို့ခင် အင်းစိန်က စစ်ခွေးတိုက်မှာထားတယ်လို့ သောကြာနေ့က အင်းစိန်ထောင်ကလွတ်လာတဲ့နိုင် ငံရေးအကျဉ်းသားတဦးက ပြောပါတယ်။

Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: mgthuka@gmail.com**
**koko@gol.com**



**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**